# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# (၂၀) ရက်မြောက်နေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၄ |
| ၅ | မူးယစ်တရားခံတစ်ဦးကို ဖမ်းဆီးမိသောအခါ ကွင်းဆက်တရားခံကို ချက်ချင်းဖော်ထုတ်၍ ဖမ်းဆီးရေး အဖွဲ့အချင်းချင်း ဆက်သွယ်ဖမ်းဆီးနိုင်ရေးကို မြန်မာတစ်နိုင်ငံလုံးသို့ တစ်ပြေးညီညွှန်ကြားချက် ထုတ်ပြန်ပေးနိုင်ရေးနှင့် စပ်လျဉ်းသည့် မေးခွန်း | ၅ |
| ၆ | ထောင်ကျအကျဉ်းသားများ၊ ကျသစ်များ၊ ရုံးထုတ်အပြန် အချုပ်သားများ ထောင်တွင်းပြန်ဝင်လာချိန်တွင် ခန္ဓာကိုယ်အတွင်းသို့ တရားမဝင်ပစ္စည်းများ လျှို့ဝှက်သယ်ဆောင်လာကြောင်း သတင်းရရှိ၍ စအိုအတွင်း လက်ဖြင့်နှိုက်ရှာခြင်းသည် လူ့ဂုဏ်သိက္ခာ၊ လူ့အခွင့်အရေးနှင့် မညီညွတ်ပါသဖြင့် X-ray စက်ဖြင့် ရှာဖွေခြင်းကို မည်သည့်ဘဏ္ဍာရေးနှစ်တွင် စတင်ဆောင်ရွက်မည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၀ |
| ၇ | တောင်ကုတ်မြို့နယ်၊ မအီမြို့၊ ဆားပြင်ကျေးရွာအုပ်စု၊ ဆားပြင်ကျေးရွာတွင် ရဲကင်းစခန်းတစ်ခု ချမှတ်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၄ |
| ၈ | မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်တွင် ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်နှင့် ဒေသတွင်းစိမ်းလန်းစိုပြည်မှုကို အထောက်အကူ ဖြစ်စေရန်အတွက် ရွှေပုံတောင်စိမ်းလန်းစိုပြေရေး ဇရိယာ အပြင်စည်းနယ်မြေရှိ ယခင်အုတ်ရေကန်များအား ပြုပြင်ခြင်း၊ အုတ်ရေကန်သစ်များ ထပ်မံတည်ဆောက်ခြင်း၊ ရေပိုက်လိုင်းများ ပြန်လည်သွယ်တန်း၍ မြစ်ရေတင်စနစ်ဖြင့် ရေလောင်းစိုက်ပျိုးပြုစု ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရန်နှင့် ကုန်ကျစရိတ်များ သော်လည်း ရှင်သန်ဖြစ်ထွန်းမှုကောင်းသည့် သက်တမ်းရင့် ပျိုးပင်ကြီး များဖြင့် အရေအတွက်များများ စိုက်ပျိုးသွားရန် အစီအစဉ်ရှိ/မရှိ သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၇ |

၉ ဒက္ခိဏသီရိမြို့နယ်၊ သီရိမင်္ဂလာကျေးရွာအား ပြည်ထဲရေးအမည်ပေါက် ကျေးရွာအဖြစ် နေပြည်တော်ကောင်စီမှ ဆက်လက်ဆောင်ရွက်နိုင်ရန် အတွက် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပိုင်သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် နိုင်ငံ တော်ပိုင် မြေများအား အကွက်ရိုက်ရောင်းစားနေမှုများကို ထိန်းချုပ် နိုင်ရန်အတွက် မည်ကဲ့သို့ ဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း ၂၀

၁၀ ကနီမြို့နယ်၊ သစ်တောမြေများအတွင်း မြေဧက ၁၀၀ နှင့်အထက် နှစ် ၃၀ ဂရန်လုပ်ပိုင်ခွင့် ချထားခဲ့မှုများတွင် စာချုပ်ပါစည်းကမ်းချက် များကို ချိုးဖောက်နေခဲ့ကြသော်လည်း အဘယ်ကြောင့် အရေးယူ ဆောင်ရွက်မှု မရှိခြင်းနှင့် ကနီမြို့နယ်၊ အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်က ပေါက်အင်းတောင် သစ်တောကြိုးဝိုင်း အတွင်း တင်ဝင်းထွန်းကုမ္ပဏီ၏ နှစ် ၃၀ ဂရန် လုပ်ပိုင်ခွင့် စာချုပ်အား ဖျက်သိမ်းပေးရန် အဆိုအတည်ပြုခဲ့မှုနှင့် စပ်လျဉ်း၍ မည်သို့ ဆက်လက်ဆောင်ရွက် ပေးမည်တို့ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း ၂၅

၁၁ ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်က မြို့ပြများတွင် တရားဥပဒေစိုးမိုးပြီး ပြည်သူလူထု၏ လူနေမှုဘဝလုံခြုံမှုရှိစေရန် ရာဇဝတ်မှုများ ဖြစ်ပေါ် နေမှုကို ကာကွယ်တားဆီးနိုင်ရန် အတွက်ဦးစားပေးအဆင့်ဖြင့် ဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း၊ ၃၀

၁၂ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပေးပို့လာသော ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း ၃၇

၁၃ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၁) ရက် မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ၃၈

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

**(၂၀)ရက်မြောက်နေ့ အစီအစဉ်**

**[ ၄-၃-၂၀၁၉ ] (တနင်္လာနေ့) နံနက် ၁၀ နာရီ**

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးထွန်းဝေ၊ ဖောင်းပြင် မဲဆန္ဒနယ်၏ **မူးယစ်တရားခံတစ်ဦးကို ဖမ်းဆီးမိသောအခါ ကွင်းဆက်တရားခံကို ချက်ချင်းဖော်ထုတ်၍ ဖမ်းဆီးရေးအဖွဲ့အချင်းချင်း ဆက်သွယ်ဖမ်းဆီးနိုင်ရေးကို မြန်မာတစ်နိုင်ငံလုံးသို့ တစ်ပြေးညီ ညွှန်ကြားချက် ထုတ်ပြန်ပေးနိုင်ရေး** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးလွင်ကိုလတ်၊ သန်လျင် မဲဆန္ဒနယ်၏ **ထောင်ကျအကျဉ်းသားများ၊ ကျသစ်များ၊ ရုံးထုတ်အပြန် အချုပ်သားများ ထောင်တွင်းပြန်ဝင်လာချိန်တွင် ခန္ဓာကိုယ်အတွင်းသို့ တရားမဝင် ပစ္စည်းများ လျှို့ဝှက်**

**သယ်ဆောင်လာကြောင်း သတင်းရရှိ၍ စအိုအတွင်း လက်ဖြင့် နှိုက်ရှာခြင်းသည် လူ့ဂုဏ်သိက္ခာ၊ လူ့အခွင့်အရေးနှင့် မညီညွတ်ပါ သဖြင့် X-ray စက်ဖြင့်ရှာဖွေခြင်းကို မည်သည့်ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်မည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါ်နီနီမေမြင့်၊ တောင်ကုတ် မဲဆန္ဒနယ်၏ **တောင်ကုတ်မြို့နယ်၊ မအီမြို့၊ ဆားပြင်ကျေးရွာအုပ်စု၊ ဆားပြင်ကျေးရွာတွင် ရဲကင်းစခန်းတစ်ခု ချမှတ် တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးဘိုကြီး၊ ချောက် မဲဆန္ဒနယ်၏ **မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်တွင် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်နှင့် ဒေသတွင်းစိမ်းလန်းစိုပြည်မှုကို အထောက်အကူဖြစ်စေရန်အတွက် ရွှေပုံတောင် စိမ်းလန်းစိုပြေရေးဧရိယာ အပြင်စည်းနယ်မြေရှိ ယခင်အုတ်ရေကန်များအား ပြုပြင်ခြင်း၊ အုတ်ရေကန်သစ်များ ထပ်မံ တည်ဆောက်ခြင်း၊ ရေပိုက်လိုင်းများ ပြန်လည်သွယ်တန်း၍ မြစ်ရေတင် စနစ်ဖြင့် ရေလောင်းစိုက်ပျိုးပြုစု ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်သွားရန်နှင့် ကုန်ကျစရိတ်များသော်လည်း ရှင်သန်ဖြစ်ထွန်းမှု ကောင်းသည့် သက်တမ်းရင့် ပျိုးပင်ကြီးများဖြင့် အရေအတွက်များများ စိုက်ပျိုးသွားရန် အစီအစဉ်ရှိ၊ မရှိ** တို့နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(င) ဦးသန့်ဇင်ထွန်း၊ ဒက္ခိဏသီရိ မဲဆန္ဒနယ်၏ **ဒက္ခိဏသီရိမြို့နယ်၊ သီရိမင်္ဂလာကျေးရွာအား ပြည်ထဲရေးအမည်ပေါက်ကျေးရွာအဖြစ် နေပြည်တော်ကောင်စီမှ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနပိုင် သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် နိုင်ငံတော်ပိုင်**

**မြေများအား အကွက်ရိုက် ရောင်းစားနေမှုများကို ထိန်းချုပ်နိုင်ရန် အတွက် မည်ကဲ့သို့ ဆောင်ရွက်ထားသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးထွန်းထွန်းနိုင်၊ ကနီ မဲဆန္ဒနယ်၏ **ကနီမြို့နယ်၊ သစ်တောမြေများ အတွင်း မြေဧက(၁၀၀)နှင့်အထက် နှစ်(၃၀) ဂရန်လုပ်ပိုင်ခွင့် ချထား ခဲ့မှုများတွင် စာချုပ်ပါ စည်းကမ်းချက်များကို ချိုးဖောက်နေခဲ့ကြ သော်လည်း အဘယ်ကြောင့် အရေးယူ ဆောင်ရွက်မှု မရှိခြင်းနှင့် ကနီမြို့နယ်၊ အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်က ပေါက်အင်းတောင် သစ်တောကြိုးဝိုင်းအတွင်း တင်ဝင်းထွန်းကုမ္ပဏီ၏ နှစ်(၃၀)ဂရန် လုပ်ပိုင်ခွင့်စာချုပ်အား ဖျက်သိမ်းပေးရန် အဆိုအတည် ပြုခဲ့မှုနှင့် စပ်လျဉ်း၍ မည်သို့ ဆက်လက်ဆောင်ရွက်ပေးမည်တို့ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးတင်ထွေး၊ ဝေါ မဲဆန္ဒနယ်က **" မြို့ပြများတွင် တရားဥပဒေစိုးမိုးပြီး ပြည်သူ လူထု၏ လူနေမှုဘဝ လုံခြုံမှုရှိစေရန် ရာဇဝတ်မှုများ ဖြစ်ပေါ်နေမှုကို ကာကွယ် တားဆီးနိုင်ရန်အတွက် ဦးစားပေးအဆင့်ဖြင့် ဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်း "** အဆို တင်သွင်းခြင်းနှင့် လက်ခံ ဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ် ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၂၀)ရက်မြောက်နေ့မှတ်တမ်း

**၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်**

**(၂၀၁၉ ခုနှစ်၊ မတ်လ ၄ ရက်)**

**(တနင်္လာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျာ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိသည့်အနက် ၃၈၃ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၈.၄၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၉ ခုနှစ်၊ မတ်လ ၄ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၈၃ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၄၇ ဦး ရှိပါတယ်။ ခွင့်ပန်ကြားသူကိုယ်စားလှယ်များကတော့-

(၁) လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း ခွင့် ၁ ရက်၊

(၂) ညောင်ဦးမဲဆန္ဒနယ်မှ ဦးစော ခွင့် ၁ ရက်၊

(၃) ကျောက်ဆည်မဲဆန္ဒနယ်မှ ဒေါက်တာတင်အောင် ခွင့် ၁ ရက်၊

**မူကြမ်း**

(၄) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးကျော်စိုးလင်း ခွင့် ၁ ရက်၊

(၅) သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင် ခွင့် ၁ ရက်၊

(၆) သာကေတမဲဆန္ဒနယ်မှ ဒေါက်တာဝေဖြိုးအောင် ခွင့် ၁ ရက်၊

(၇) တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း ခွင့် ၁ ရက်၊

(၈) ထန်းတပင်မဲဆန္ဒနယ်မှ ဦးဇော်ဝင်း ခွင့် ၁ ရက်၊

(၉) မြန်အောင်မဲဆန္ဒနယ်မှ ဦးခင်မောင်လတ် ခွင့် ၁ ရက်၊

(၁၀) ထန်းတပင်မဲဆန္ဒနယ်မှ ဦးနေမျိုးထွန်း ခွင့် ၁ ရက်၊

(၁၁) မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း ခွင့် ၁ ရက်၊

(၁၂) ငပုတောမဲဆန္ဒနယ်မှ ဦးသန်းအောင် ခွင့် ၁ ရက်၊

(၁၃) တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း ခွင့် ၁ ရက်၊

(၁၄) ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင် ခွင့် ၁ ရက်၊

(၁၅) သာပေါင်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၁ ရက်၊

(၁၆) ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း ခွင့် ၅ ရက်၊

(၁၇) ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဦးရွှေလှကြိုင် ခွင့် ၁ ရက်၊

(၁၈) ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင် ခွင့် ၁ ရက်၊

(၁၉) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်လင်း ခွင့် ၁ ရက်၊

(၂၀) ကိုကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေ ခွင့် ၁ ရက်၊

(၂၁) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊

(၂၂) မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း ခွင့် ၅ ရက်၊

(၂၃) မာန်အောင်မဲဆန္ဒနယ်မှ ဦးတင်နု(ခ)ဦးတင်နုအောင် ခွင့် ၁ ရက်၊

(၂၄) ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သက်သက်ခိုင် ခွင့် ၂ ရက်၊

(၂၅) မိုင်းတုံမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦး(ခ)ဦးကျော်ဦး ခွင့် ၁ ရက်၊

(၂၆) တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၁ ရက်၊

(၂၇) မြိုင်မဲဆန္ဒနယ်မှ ဦးအောင်ခင်ဝင်း ခွင့် ၁ ရက်၊

(၂၈) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၁ ရက်၊

(၂၉) ကန်ပက်လက်မဲဆန္ဒနယ်မှ ဦးညွန့်ဝင်း ခွင့် ၁ ရက်၊

**မှူကြမ်း**

(၃၀) ခန္တီးမဲဆန္ဒနယ်မှ ဦးအောင်သန်းစိန် ခွင့် ၄ ရက်၊

(၃၁) ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးမျိုးညွန့် ခွင့် ၁၂ ရက်၊

(၃၂) အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံး ခွင့် ၂ ရက်၊

(၃၃) လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း ခွင့် ၁ ရက်၊

(၃၄) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၅ ရက်၊

(၃၅) ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ)ဦးဇေယျာသော် ခွင့် ၁ ရက်၊

(၃၆) သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း ခွင့် ၁ ရက်၊

(၃၇) နမ့်ဆန်မဲဆန္ဒနယ်မှ ဦးဝင်းထူး ခွင့် ၁ ရက်၊

(၃၈) တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာစောနိုင် ခွင့် ၁ ရက်၊

(၃၉) မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း ခွင့် ၁ ရက်၊

(၄၀) ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးဉာဏ်လင်း ခွင့် ၁ ရက်၊

(၄၁) မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း ခွင့် ၃ ရက်၊

(၄၂) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၁ ရက်၊

(၄၃) ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးမြင့်ငွေ ခွင့် ၁ ရက်၊

(၄၄) လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဒွေး ခွင့် ၁၂ ရက်၊

(၄၅) မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း ခွင့် ၁ ရက်၊

(၄၆) သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင် ခွင့် ၁ ရက်နှင့်

(၄၇) နန်းယွန်းမဲဆန္ဒနယ်မှ ဦးဝမ်းလှ ခွင့် ၁၂ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၃ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၄၇ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၅၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃ ဦး၊ ယနေ့ခွင့်ပြု

ထားသူ ၄၇ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၅၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**မူးယစ်တရားခံတစ်ဦးကို ဖမ်းဆီးမိသောအခါ ကွင်းဆက်တရားခံကို ချက်ချင်းဖော်ထုတ်၍ ဖမ်းဆီးရေး အဖွဲ့အချင်းချင်း ဆက်သွယ်ဖမ်းဆီးနိုင်ရေးကို မြန်မာတစ်နိုင်ငံလုံးသို့ တစ်ပြေးညီညွှန်ကြားချက် ထုတ်ပြန်ပေးနိုင်ရေးနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးထွန်းဝေ(ဖောင်းပြင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်း တိုင်းဒေသကြီး၊ ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မူးယစ်ဆေးဝါး ရောင်းချနေတဲ့တရားခံတစ်ဦးကို ဖမ်းဆီးမိတဲ့အခါ ၎င်းနဲ့ဆက်သွယ်ရောင်းဝယ်နေတဲ့ ကွင်းဆက် တရားခံများကို စစ်ဆေးမေးမြန်းဖော်ထုတ်ပြီး ဖမ်းဆီးရေးအဖွဲ့အချင်းချင်းဆက်သွယ်ဖမ်းဆီးနိုင်ရေး ကိစ္စကို မြန်မာတစ်နိုင်ငံလုံးသို့ တစ်ပြေးညီညွှန်ကြားချက်ထုတ်ပေးနိုင်ရေးနဲ့စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံအနေနဲ့ မူးယစ်ဆေးဝါးပပျောက်ရေးကို ၁၉၉၀ ခုနှစ်၊ ၂၀၀၀ ပြည့်နှစ်ကစပြီးမှ ၂၀၁၃-၂၀၁၄ ခုနှစ်ထိ (၁၅)နှစ်စီမံကိန်းနဲ့ဆောင်ရွက်ခဲ့တယ်လို့ သိရပါတယ်။ မူးယစ်ဆေးဝါးပပျောက်ရေးကို အရှိန်အဟုန်နဲ့ဆောင်ရွက်နိုင်ဖို့ ယခုအစိုးရလက်ထက်

မှာ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့မှာ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနကို နိုင်ငံတော်သမ္မတရုံးမှာ ဖွင့်လှစ်ထားရှိခဲ့ပါတယ်။ လုံခြုံစိတ်ချစွာသတင်းပေးတိုင်ကြားနိုင်တဲ့အတွက် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့ထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း ၅၆၂ မှု၊ တရားခံကျား/မပေါင်း ၈၃၃ ဦးကို အမှုဖွင့်အရေးယူနိုင်ခဲ့တယ်လို့သိရပါတယ်။ တပ်မတော်နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ချက်အရ ဖေဖော်ဝါရီလ ၁၇ ရက်နေ့ကနေပြီး ၂၃ ရက်နေ့ထိ တစ်ပတ်အတွင်း မူးယစ်အမှုပေါင်း၂၅၈ မှု၊ တရားခံကျား/မပေါင်း ၃၄၀ ဦးကို အမှုဖွင့်အရေးယူနိုင်ခဲ့ပါတယ်။

ဒါ့အပြင် ကွင်းဆက်ဖော်ထုတ်မှုများအရ တရားခံအမျိုးသားနှစ်ဦးထံမှ စိတ်ကြွဆေးပြား ၄၀၀၀၊ ဘိန်းဖြူ ၁၈၀ ဂရမ်၊ အခြားတရားခံအမျိုးသားတစ်ဦးထံမှ Ice ၆၇၆၆၀ ဂရမ်နဲ့ Kaluger ကားတစ်စီး၊ အခြားကွင်းဆက်ဖော်ထုတ်ချက်အရ တရားခံနေအိမ်မှ ၉မမ ကျည် ၅၉ တောင့်၊ ၅.၅၆ ကျည် ၈၀ တောင့်စသည်အားဖြင့် ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့တာကို တွေ့ရခြင်းအားဖြင့် ကွင်းဆက်ဖော်ထုတ်စစ်ဆေးမှုသည် အလွန်အကျိုးရှိထိရောက်သော လုပ်ဆောင်ချက်ဖြစ်ပါတယ်။ တချို့မြို့နယ်တွေမှာ ကွင်းဆက်ဖော်ထုတ်စစ်ဆေးမှုကြောင့် သုံးဆက်အထိ မူးယစ်တရားခံဖမ်းဆီးမိတာတွေကို တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့မဲဆန္ဒနယ်မြေမှာရှိကြတဲ့ ပြည်သူများကလည်း မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ကိုယ်ကျိုးစွန့်အနစ်နာခံပြီးတော့ အားတက်သရောဆောင်ရွက်နေကြတာကို တွေ့ရပါတယ်။ မူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်ရေးအဖွဲ့အစည်းအနေနဲ့ လူထုနဲ့ဆိုင်တဲ့နေရာတွေမှာ ဖမ်းဆီးပြီး သက်ဆိုင်ရာဖမ်းဆီးရေးအဖွဲ့များကို အပ်နှံခြင်း၊ ဖမ်းဆီးရေးအဖွဲ့များကို တိကျစွာ သတင်းပေးတိုင်ကြားခြင်း၊ လိုအပ်ပါက ကိုယ်တိုင်လိုက်ပါဆောင်ရွက်ပေးခြင်းစသည်ဖြင့် တတ်စွမ်းသမျှ ဆောင်ရွက်ပေးနေကြတာ အမှုပေါင်း ၅၈ မှုထိရရှိခဲ့ပါတယ်။ ဒါပေမဲ့ မူးယစ်ဆေးဝါးရောင်းဝယ်ခြင်းဟာ သိသိသာသာလျော့ကျသွားတယ်လို့မထင်ရပါဘူး။ မူးယစ်ဆေးဝါးရောင်းဝယ်ခြင်းက ငွေကြေးအရင်းအနှီးများစွာမလိုအပ်ဘဲနဲ့ ပုံစံအမျိုးမျိုးနဲ့ရှင်သန်နေတဲ့အရောင်းအဝယ်လောကဖြစ်နေပါတယ်။ တဖြည်းဖြည်းနဲ့ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေးအစစဆုတ်ယုတ်လာနိုင်တဲ့အခြေအနေမှာရှိပါတယ်။

ကျွန်တော့်မြို့နယ်ရဲ့ တောင်ဘက်အစွန်ဆုံးကျေးရွာဖြစ်တဲ့ မိုင်းချောင်းကျေးရွာအုပ်စု၊ ရွာသာ ရွာဟာ ဘိမ်းဖြူစတင်ရောက်ရှိတဲ့ ၂၀၁၆ ခုနှစ်ကစပြီးမှ စုစုပေါင်း ၃၄ ယောက်သေဆုံးပါတယ်။ ကျား ၃၂ ယောက်၊ မ ၂ ယောက်ဖြစ်ပါတယ်။ သေဆုံးသူတွေက အသက်(၂၀) နဲ့ (၅၅)နှစ်ကြားတွေဖြစ်တဲ့ အတွက် အသက်အရွယ်အကောင်းဆုံးလုပ်သားအင်အားတွေကို နိုင်ငံကဆုံးရှုံးလိုက်ရပါတယ်။ ဖောင်းပြင်နဲ့ ၃၄ မိုင်ကွာဝေးတယ်လို့ဆိုပေမဲ့ ဒီရွာနဲ့ လေးမိုင်သာဝေးတဲ့ မိုင်းချောင်းကျေးရွာမှာ ရဲအုပ် အဆင့်ဦးစီးတဲ့ ရဲကင်းစခန်းတစ်ခုရှိပါတယ်။ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ ရောင်းဝယ်ခြင်းက အခြားသော တရားမဝင်လုပ်ငန်းများ၊ ဒုစရိုက်မှုများအားလုံးနဲ့ ဆက်သွယ်နေတဲ့အတွက် ကောင်းစွာတားဆီး ကာကွယ်ရမယ့်ကိစ္စဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ထိရောက်စွာကာကွယ်တားဆီးနိုင်ရေး၊ မူးယစ် ဆေးဝါးပပျောက်ရေး၊ မြို့နယ်တစ်မြို့နယ်အတွင်းမှာရှိနေကြတဲ့ ကြီးမားသော မူးယစ်ဆေးဝါး ရောင်းဝယ်မှုများကို ဖမ်းဆီးနိုင်ရေး၊ နိုင်ငံအတွင်းမှာထုတ်လုပ်နေကြတဲ့ ပင်ရင်းဌာနများကို ဖမ်းဆီး နိုင်ရေးအတွက် ကွင်းဆက်တရားခံများကို ဆက်တိုက်ဖော်ထုတ်ပြီး ဖမ်းဆီးရေးအဖွဲ့အချင်းချင်း ဆက်သွယ်ဆောင်ရွက်နိုင်ကြရန် မြန်မာတစ်နိုင်ငံလုံးသို့ တစ်ပြေးညီညွှန်ကြားပေးနိုင်ခြင်းရှိ/မရှိ ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့်လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်သူ(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ ဖြစ်ပါတယ်။ စစ်ကိုင်း တိုင်းဒေသကြီး၊ ဖောင်းပြင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဝေရဲ့ ကြယ်ပွင့်ပြ မေးခွန်းအပေါ် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ မူးယစ်ဆေးဝါးနဲ့စိတ်ကို ပြောင်းလဲ စေတဲ့ ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို ၁၀-၉-၁၉၉၃ ရက်နေ့မှာ စတင်ဖွဲ့စည်း ခဲ့ပြီး ၄-၇-၂၀၁၆ ရက်နေ့မှာ ပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။ မူးယစ်ဗဟိုအဖွဲ့ရဲ့အောက်မှာ မူးယစ် ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက် နိုင်ရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်က

အတွင်းရေးမှူးနဲ့ ဆက်စပ်ဝန်ကြီးဌာနများမှ ဦးစီးဌာနများပါဝင်စေလျက် တားဆီးနှိမ်နင်းရေးနှင့် စီမံခန့်ခွဲမှုအဖွဲ့ကိုလည်း ဖွဲ့စည်းထားရှိပြီးဖြစ်ပါတယ်။

မူးယစ်ဆေးဝါးပပျောက်ရေးကို နိုင်ငံတော်ရဲ့အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်ထားရှိပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့က မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးကို ရည်မှန်းချက်တာဝန်အဖြစ် သတ်မှတ်ထားရှိပြီး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်တဲ့အခါမှာ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှချမှတ်ထားတဲ့ မူဝါဒလုပ်ငန်းတာဝန်များနှင့်အညီ တိကျစွာလိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ကို တပ်ဖွဲ့ခွဲသုံးခွဲ၊ တပ်ဖွဲ့စု ၅၀ စု၊ အရာရှိ ၄၀၁ ဦး၊ အခြားအဆင့် ၈၀၂ ဦး စုစုပေါင်း ၁၂၀၃ ဦးဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတဲ့အပြင် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်အတွက် တပ်ဖွဲ့ခွဲ ၁၀ ခွဲ၊ တပ်ဖွဲ့စု ၆၅ စုအထိ တိုးချဲ့ဖွဲ့စည်းနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ မူးယစ်ဆေးဝါးများမှာ ကွင်းဆက်ဖော်ထုတ်နိုင်ရေးအတွက် တားဆီးနှိမ်နင်းရေးအဖွဲ့များ၊ အမှုဖွင့်စစ်ဆေးဆောင်ရွက်ရတဲ့ရဲစခန်းများနဲ့ပါ ပူးပေါင်းပြီး စစ်ဆေးဖော်ထုတ်ဆောင်ရွက်လျက်ရှိပါတယ်။ စစ်ဆေးဖော်ထုတ်ချက်အရ ကွင်းဆက်တရားခံများဖမ်းဆီးရမိရေးကိုလည်း အောက်ခြေတပ်ဖွဲ့အချင်းချင်း၊ ရဲစခန်းအချင်းချင်း ချိတ်ဆက်ဆောင်ရွက်ခြင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ရုံးရဲ့ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးတို့အား အချင်းချင်းချိတ်ဆက်ဆောင်ရွက်စေခြင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်က တိုက်ရိုက်ညွှန်ကြားကြပ်မတ်ခြင်းတို့ဆောင်ရွက်၍ ကွင်းဆက်တရားခံဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပါတယ်။ ထူးခြားတဲ့မှုခင်းများ၊ ပမာဏများပြားတဲ့မှုခင်းများ၊ ဂိုဏ်းဖွဲ့ကျူးလွန်တဲ့မှုခင်းများ၊ နိုင်ငံဖြတ်ကျော်ကျူးလွန်တဲ့မှုခင်းများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ တိုက်ရိုက်ကြီးကြပ်လျက်ရှိပြီး သက်ဆိုင်ရာရဲတပ်ဖွဲ့များဖြင့် ပူးပေါင်းအဖွဲ့များဖွဲ့စည်းပေးပြီး ကွင်းဆက်များဖော်ထုတ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ အုပ်စုဖွဲ့၍ နိုင်ငံဖြတ်ကျော်ကျူးလွန်တဲ့ မူးယစ်ဆေးဝါးမှုခင်းများမှာ ပါဝင်တဲ့ ကွင်းဆက်ကျူးလွန်မှုများကို ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် ဒေသတွင်းနိုင်ငံများရှိ ရဲတပ်ဖွဲ့အချင်းချင်းပူးပေါင်းဆောင်ရွက်ခြင်းနှင့် အာဆီယံရဲတပ်ဖွဲ့(ASEAN NARCO) အပြည်ပြည်ဆိုင်ရာ

ရဲတပ်ဖွဲ့ (Interpol)၊ နိုင်ငံတကာရဲတပ်ဖွဲ့များနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့အပြင် မူးယစ်ဆေးဝါး ဗဟိုအဖွဲ့(CCDAC)အနေနဲ့ အမေရိကန်နိုင်ငံ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအုပ်ချုပ်မှုအဖွဲ့ (DEA)၊ တရုတ်နိုင်ငံ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအဖွဲ့(NNCC)၊ ထိုင်းနိုင်ငံ မူးယစ်ဆေးဝါး ထိန်းချုပ်မှုအဖွဲ့ရုံး(ONCP)တို့နဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ မူးယစ်ဆေးဝါးသယ်ဆောင်ရ ခောင်းဝယ်ခြင်းဟာ လျှို့ဝှက်စွာလုပ်ဆောင်တဲ့လုပ်ငန်းဖြစ်ခြင်း၊ စနစ်တကျဂိုဏ်းဖွဲ့၍ ကျူးလွန်တဲ့ လုပ်ငန်းဖြစ်ခြင်းကြောင့် ကွင်းဆက်စစ်ဆေးဖော်ထုတ်တဲ့အခါမှာ အချိန်တိုအတွင်းဖော်ထုတ်နိုင်မှုများ ရှိသကဲ့သို့ သတင်းစုံစမ်းရခြင်း၊ စောင့်ကြည့်ရခြင်း၊ အတည်ပြုရခြင်းတို့ဆောင်ရွက်ပြီးမှသာလျှင် ဖော်ထုတ်ဖမ်းဆီးနိုင်ခြင်းများလည်းရှိပါတယ်။

ထို့အပြင် ကွင်းဆက်တရားခံများအား ဥပဒေနဲ့အညီ တရားဆွဲတင်နိုင်ရေး၊ ထိုက်သင့်တဲ့ ပြစ်ဒဏ်ရရှိရေးတို့အတွက်လည်း လိုအပ်တဲ့သက်သေအထောက်အထားများ ရရှိရေးကိုလည်း ဆောင်ရွက်ရပါတယ်။ ပြင်ပသတင်းမီဒီယာများနှင့် လူမှုကွန်ရက်စာမျက်နှာများပေါ်မှာ အချိန်နှင့် တစ်ပြေးညီဖော်ပြနေတဲ့ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုများ၌ ကွင်းဆက်တရားခံများ ဖော်ထုတ်ဖမ်းဆီး ရမိမှုဆိုင်ရာသတင်းအချက်အလက်များ ဖော်ပြပါရှိမှုနည်းပါးနေရခြင်းမှာ ကွင်းဆက်တရားခံဖမ်းဆီး ရမိရေးအတွက် သတင်းလုံခြုံမှုအဓိကအရေးကြီးတဲ့အတွက်ကြောင့် ကွင်းဆက်တရားခံဖမ်းဆီးရမိရေး ဆောင်ရွက်နေချိန်မှာ အများပြည်သူထံသို့ သတင်းထုတ်ပြန်မှုမပြုလုပ်နိုင်ခြင်းသာ ဖြစ်ပါတယ်။ ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့တဲ့ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါး များဆိုင်ရာဥပဒေ ပုဒ်မ ၂၁ တွင် မူးယစ်ဆေးဝါးနှင့်ဆိုင်တဲ့ပြစ်မှုတစ်ခုခုကိုအားထုတ်ခြင်း၊ ပူးပေါင်း ကြံစည်ခြင်း၊ စည်းရုံးခြင်း၊ စီမံခန့်ခွဲခြင်း၊ ငွေကြေးထောက်ပံ့ခြင်းနှင့်အားပေးကူညီခြင်းတို့ပြုလျှင် ၎င်းပြစ်မှုအတွက် ပြဋ္ဌာန်းထားတဲ့ပြစ်ဒဏ်ကို ချမှတ်ခံရမယ်လို့ဖော်ပြပါရှိပါတယ်။ မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုများအနေဖြင့် ၂၀၁၆ ခုနှစ်မှာ ၈၈၀၀ မှု၊ တရားခံ ကျား ၁၁၉၆၅ ဦး၊ မ ၁၆၂၆ ဦး စုစုပေါင်း ၁၃၅၉၁ ဦး၊ ၂၀၁၇ ခုနှစ်မှာ ၉၅၄၄ မှု၊ တရားခံ ကျား ၁၂၄၀၅ ဦး၊ မ ၁၅၉၅ ဦး စုစုပေါင်း ၁၄၀၀၀ ဦး၊ ၂၀၁၈ ခုနှစ်မှာ အမှုပေါင်း ၁၂၉၇၆ မှု၊ တရားခံ ကျား ၁၆၂၄၈ ဦး၊ မ ၂၂၅၂ ဦး စုစုပေါင်း ၁၈၅၀၀ ဦးကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပါတယ်။ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုများမှ ကွင်းဆက် ဖော်ထုတ်ချက်များအရ ငွေကြေးခဝါချမှု၊ ဆက်လက်အရေးယူဆောင်ရွက်ရတဲ့အမှုကြီးများအနေဖြင့် ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်ထိ ၁၆ မှုရှိခဲ့ပါတယ်။ အဆိုပါအမှုများမှ နေအိမ်တိုက်ခန်း၊ ဂိုဒေါင် ၈၁ လုံး၊ မြေကွက်/ခြံကွက် ၂၆ ကွက်၊ မော်တော်ယာဉ် ၅၂ စီး၊ စက်လှေ ၁၃ စီး၊ ရွှေအလေးချိန် ၂၁ ပိဿာ ၅၆

ကျပ်သား၊ ဘဏ်အပ်နှံ စာရင်း ၄၃၀၀၈ သိန်း မြန်မာကျပ်ငွေ ၅၇၃၁ သိန်း၊ အမေရိကန်ဒေါ်လာ ၉၂၉၀ ဒေါ်လာ၊ တရုတ်ယွမ်ငွေ ၆၇၀၁၄ ယွမ်၊ ထိုင်ဝမ်ဒေါ်လာ ၃၀၀ ဒေါ်လာ၊ ဟောင်ကောင်ဒေါ်လာ ၅၀၀၀ ဒေါ်လာ၊ ထိုင်းဘတ် ၂၀၂၀ ဘတ်၊ ဖိလစ်ပိုင်ပီဆို ၆၅၀ ပီဆိုတို့ကိုသိမ်းဆည်းရမိခဲ့ပါတယ်။

သို့ဖြစ်ပါ၍ တည်ဆဲဥပဒေပြဋ္ဌာန်းချက်များမှ ကွင်းဆက်တရားခံများကို ပြစ်မှုကျူးလွန်တဲ့ တရားခံများကဲ့သို့ အပြစ်ပေးအရေးယူရန် သတ်မှတ်ပြဋ္ဌာန်းထားရှိခြင်းကြောင့်လည်းကောင်း၊ ပြဋ္ဌာန်းချက်နှင့်အညီ ကွင်းဆက်တရားခံများအား မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ဖမ်းဆီးဖော်ထုတ်လျက်ရှိသည့် အပြင် နိုင်ငံတကာနှင့်လည်း အချိန်နှင့်တစ်ပြေးညီ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်လျက်ရှိခြင်း တို့ကြောင့် ကွင်းဆက်တရားခံများ ဖမ်းဆီးရမိရေးသီးခြားညွှန်ကြားချက်ထုတ်ပြန်ရန် မလိုအပ် ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ထောင်ကျအကျဉ်းသားများ၊ ကျသစ်များ၊ ရုံးထုတ်အပြန် အချုပ်သားများ ထောင်တွင်းပြန်ဝင်လာချိန်တွင် ခန္ဓာကိုယ်အတွင်းသို့ တရားမဝင်ပစ္စည်းများ လျှို့ဝှက်သယ်ဆောင်လာကြောင်း သတင်းရရှိ၍ စအိုအတွင်း လက်ဖြင့်နှိုက်ရှာခြင်းသည် လူ့ဂုဏ်သိက္ခာ၊ လူ့အခွင့်အရေးနှင့် မညီညွတ်ပါသဖြင့် X-ray စက်ဖြင့် ရှာဖွေခြင်းကို မည်သည့်ဘဏ္ဍာရေးနှစ်တွင် စတင်ဆောင်ရွက်မည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးလွင်ကိုလတ်(သန်လျင်မဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ သန်လျင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးလွင်ကိုလတ် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းသွားမယ့်မေးခွန်းကတော့ အကျဉ်းထောင်တွေအတွင်းမှာ ကျသစ်တွေ၊ အချုပ်နဲ့တရားရုံးသွားပြီး ပြန်လာတဲ့သူတွေက တရားမဝင်တဲ့ပစ္စည်းတွေကို ခန္ဓာကိုယ်ထဲကိုထိုးသွင်းပြီးတော့ သယ်ဆောင်လာတဲ့သတင်းတွေရတဲ့ အခါမှာ ထောင်ဝန်ထမ်းတွေက ဒါတွေကိုရှာဖွေတဲ့ကိစ္စနဲ့ပတ်သက်တဲ့မေးခွန်း ဖြစ်ပါတယ်။ ပထမဦး ဆုံးအနေနဲ့ ဒီအကျဉ်းထောင်နဲ့ လူ့အခွင့်အရေးနဲ့ချိတ်ဆက်မှုလေးကို ကျွန်တော် နည်းနည်းလေး တင်ပြ ချင်ပါတယ်။ နိုင်ငံတကာမှာ UN ကနေလွှတ်တဲ့ လူ့အခွင့်အရေးကော်မရှင်လိုဟာမျိုးတွေ၊ နောက်တစ်ခါ တခြားသော NGO တွေက လူ့အခွင့်အရေးနဲ့ပတ်သက်ပြီး တိုင်းတာကြတဲ့အခါမှာ ပထမဦးဆုံးသူတို့ကြည့်တာက အကျဉ်းထောင်တွေပဲ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့

အကျဉ်းထောင်တွေထဲမှာ အများစုဟာ လူတွေရဲ့ လူ့အခွင့်အရေးကိုချိုးဖောက်လို့ ပြစ်ဒဏ်ပေးခံရတဲ့ သူတွေအများစုနေထိုင်တဲ့သူတွေ ဖြစ်ပါတယ်။ တဖန် ဒီလူတွေဟာ အကျဉ်းထောင်ထဲကိုပြန်ရောက်တဲ့ အခါကျတော့ ဥပဒေရဲ့အကာအကွယ်ပေးမှု အင်မတန်မှ အနည်းဆုံးပုဂ္ဂိုလ်တွေဖြစ်ပါတယ်။ နောက်ပြီးတော့ သမိုင်းကြောင်းတွေကိုပြန်ကြည့်မယ်ဆိုလို့ရှိရင်လည်း ထောင်ထဲမှာရှိတဲ့ ညှဉ်းပန်းနှိပ်စက်မှုတွေ၊ ထောင်ထဲမှာ အစားအစာမသန့်ရှင်းမှုတွေ၊ နေထိုင်မှုကြောင့်ဖြစ်ပေါ်တဲ့ပြဿနာတွေ၊ ဆေးကုသမှုပြဿနာတွေက သမိုင်းကြောင်းတစ်လျှောက်လုံးမှာလည်း တကယ့်ကို သမိုင်းဆိုင်ရာ ပြတိုက်ကြီးတစ်ခုလို ဖြစ်ပါတယ်။ သို့သော်လည်းပဲ ခေတ်အဆက်ဆက်အစိုးရတွေက ပြုပြင်ပြောင်းလဲမှုတွေရှိလာတဲ့အတွက်ကြောင့်မို့လို့ ဒီနေ့ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က Report တွေ၊ တခြား AAPP က Report တွေကိုကြည့်ရင် တိုးတက်မှုတွေလည်းရှိနေတာကို တွေ့ရပါတယ်။ ဒီထဲမှာမှ ကျွန်တော်ဒီနေ့မေးခွန်းနဲ့ပတ်သက်တာကတော့ အဲဒီထဲမှာမှ ကျွန်တော်တို့ ဘဏ္ဍာငွေအနည်းအကျဉ်းသုံးရုံလောက်နဲ့ သမိုင်းစာမျက်နှာပေါ်မှာ ကြီးကြီးမားမားရှိနေတဲ့ အမဲစက်တစ်ခုကို ပယ်ဖျက်နိုင်တယ်လို့ယုံကြည်လို့ ဒီမေးခွန်းကိုမေးတာဖြစ်ပါတယ်။ ဒီမေးခွန်းဖြစ်တဲ့ဇစ်မြစ်ကတော့ တရားမဝင်တဲ့ ပစ္စည်းတွေကို အကျဉ်းသားတွေကနေပြီးတော့ ခန္ဓာကိုယ်ထဲကို ထိုးသွင်းပြီးသယ်ဆောင်လာတဲ့ကိစ္စက စပါတယ်။ အဲဒီအခါကျတော့ အကျဉ်းထောင်ဘက်ကလည်း ဒါကိုသတင်းရတဲ့အခါကျလို့ရှိရင် လုံခြုံရေးအရ မရှာလို့မရပါဘူး။ အဲဒီတော့ ပြဿနာကဘာဖြစ်လဲဆိုတော့ နည်းလမ်းကလည်း အရင်ကာလတွေတုန်းက တခြားရှာစရာနည်းလမ်းမရှိတဲ့အခါကျတော့ ခန္ဓာကိုယ်ထဲကိုပဲ လက်ထိုးသွင်းပြီးတော့ မွှေနှောက်ရှာဖွေရတဲ့ကိစ္စဖြစ်ပါတယ်။ ဒါတွေက သတင်းရတော့လည်း သတင်းသဘောအရတိကျတာလည်းရှိတယ်။ တချို့ကျတော့လည်း ရှာပေမဲ့ဘာမှမတွေ့တာတွေမျိုးလည်း ရှိတဲ့အခါကျတော့ လူ့ရဲ့ဂုဏ်သိက္ခာကိုထိခိုက်တဲ့အပြင် ဒီကနေပြီး မလိုလားအပ်တဲ့ ရောဂါကူးစက်မှုတွေကိုလည်း ဖြစ်နိုင်တဲ့အလားအလာတွေ အများကြီးရှိပါတယ်။ နောက်ပြီးတော့ ICRC တို့လို လူ့အခွင့်အရေးအဖွဲ့အစည်းတွေ ထောင်ထဲလာတဲ့အခါ အကျဉ်းသားတွေကိုမေးတဲ့အခါမှာ အားလုံးက တန်းစီပြီး ဖြေကြရော။ ဖြေကြတဲ့အခါကျတော့ ဘယ်လိုပဲဖြစ်ဖြစ် ဒီနေ့ လွှတ်တော်ထဲမှာဆိုလို့ရှိရင်လည်း လူ့အခွင့်အရေးကိုတန်ဖိုးထားတဲ့ နိုင်ငံရေးပါတီက ကိုယ်စားလှယ်အသီးသီး ရောက်နေကြတာပါ။ အဲဒီတော့ ဒါကို ကျွန်တော်တို့ ဖြေလျှော့ဖို့ဆိုလို့ရှိရင် အခုနောက်ပိုင်းမှာ သုံးလို့ရတဲ့နည်းနာတစ်ခုပေါ်လာပြီးဖြစ်ပါတယ်။ ဒါကတော့ ဘာလဲဆိုလို့ရှိရင် X-ray စက်နဲ့ အဲဒီစက်ပေါ်မှာထိုင်ပြီး စမ်းလိုက်လို့ရှိရင် ခန္ဓာကိုယ်ထဲမှာ ထည့်သွင်းလာတဲ့ဟာတွေကိုမြင်တယ်။ အဲဒီလိုမြင်ပြီဆိုလို့ရှိရင်

တွေ့တဲ့သူကို ဒီဟာကိုဘယ်လိုထုတ်မလဲ။ လက်နဲ့နှိုက်စရာမလိုတဲ့ တခြားနည်းလမ်းကို စဉ်းစားလို့လည်းရပါတယ်။ ဥပမာ- ဝမ်းနုတ်ခိုင်းတာမျိုးပေါ့။ ဒါမျိုးတွေနဲ့ စဉ်းစားလို့ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အတွက် အဖြေကဘာလဲဆိုလို့ရှိရင် ဒီ X-ray စက်တွေကို သုံးပြီးရှာဖွေဖို့က ကျွန်တော်တို့အတွက် အဖြေပါ။ ပြီးတော့ ဒီကိစ္စကပြန်ကြည့်ရင် တစ်ဖက်ကကျတော့ လူ့အခွင့်အရေး ကိစ္စ၊ တစ်ဖက်ကကျတော့ လုံခြုံရေးကိစ္စဖြစ်နေပါတယ်။ လုံခြုံရေးအရလည်း မလုပ်လို့မရတဲ့ကိစ္စ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ အကောင်းဆုံးနည်းလမ်းက X-ray စက်ကိုသုံးတာဟာ အကောင်းဆုံး နည်းလမ်းဖြစ်တယ်ထင်လို့ ကျွန်တော် ဒီမေးခွန်းကိုမေးတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နိဂုံးချုပ် အနေနဲ့တင်ပြရလို့ရှိရင်တော့ ကျွန်တော်တို့ ဘတ်ဂျက်ငွေအနည်းအကျဉ်းသုံးပြီး ဒီကိစ္စကိုဆောင်ရွက် လိုက်တာနဲ့ ကျွန်တော်တို့ရဲ့ လူ့အခွင့်အရေးသမိုင်းစာမျက်နှာပေါ်မှာရှိနေတဲ့ အမဲစက်တစ်စက်ကို ပယ်ပျောက်သွားနိုင်တယ်ထင်လို့မို့လို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကနေတစ်ဆင့် ဒီ X-ray စက်တွေ သုံးတာကို ဘယ်နှစ်မှာစပြီးတော့သုံးမှာလဲလို့ မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်သူ(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွင်ကိုလတ်ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ အကျဉ်းထောင်အသီးသီးမှာ လုံခြုံရေးကျိုးပေါက်မှု မရှိစေရန် အကျဉ်းထောင်အတွင်း တားမြစ်ပိတ်ပင်ထားတဲ့ပစ္စည်းများ မရောက်ရှိစေရန်အတွက် ထောင်ဝင်စာပစ္စည်းများရှာဖွေရေး၊ တရားရုံးပြန်ရှာဖွေရေးနှင့် ဝန်ထမ်းအဝင်အထွက်ရှာဖွေရေးတို့ကို အထူးအလေးထား ဆောင်ရွက်လျက်ရှိပါတယ်။ ယခုအခါမှာ မူးယစ်ဆေးဝါးမှုဖြင့် ပြစ်ဒဏ်ကျခံနေရ တဲ့ အကျဉ်းသားများ များပြားလျက်ရှိရာ မူးယစ်ဆေးဝါး၊ စိတ်ကြွဆေးပြားများကိုလည်း အကျဉ်းထောင် အတွင်းသို့ ကိုယ်အတွင်းထည့်၍သော်လည်းကောင်း၊ ပါးစပ်မှမျိုချ၍သော်လည်းကောင်း၊ ခေါက်ဆွဲထုပ်၊ မုန့်ထုပ်၊ ကော်ဖီမစ်ထုပ်အတွင်းသို့ ထည့်သွင်း၍လည်းကောင်း၊ အခြားအစား အသောက်ဗူးများအတွင်း ထည့်သွင်း၍လည်းကောင်း နည်းလမ်းမျိုးစုံဖြင့် သွင်းယူလာကြသော ကြောင့် ရှာဖွေရေးကို အထူးအာရုံစိုက် ဆောင်ရွက်လျက်ရှိနေရပါတယ်။ အင်းစိန်ဗဟိုအကျဉ်းထောင်

တစ်ခုတွင်း၌ပင် တရားရုံးပြန်ရှာဖွေရေးနှင့် ထောင်ဝင်စာရှာဖွေရေးတို့မှ ၂၀၁၈ ခုနှစ်အတွင်း မူးယစ်ဆေးဝါး ၆၈ ကြိမ် ဖမ်းဆီးရမိခဲ့ပါတယ်။ အင်းစိန်ဗဟိုအကျဉ်းထောင် နေ့စဉ်ရုံးထုတ်ရုံးပြန်ဦးရေ တစ်ထောင်ကျော်ရှိပြီး ရုံးပြန်ချိန်မှာလည်း နေဝင်ချိန်ရောက်ရှိနေပြီဖြစ်သဖြင့် ရှာဖွေရေးဆောင်ရွက်ရာမှာ အချိန်ပေးနိုင်ခြင်းမရှိဘဲ လျင်မြန်စွာ ရှာဖွေဆောင်ရွက်လျက်ရှိပါတယ်။ ရှာဖွေရေးပြုလုပ်ရာမှာ လူ့ဂုဏ်သိက္ခာ မညှိုးနွမ်းစေရန် အထူးအလေးထား ဆောင်ရွက်လျက်ရှိပါတယ်။ ခန္ဓာကိုယ်အတွင်း သွင်းယူလာကြောင်း သတင်းအတိအကျရရှိသူကို စအိုအတွင်း လက်နှိုက်ရှာဖွေခြင်းလုံးဝမပြုလုပ်ဘဲ စအိုအောက်တွင် ကြည့်မှန်ခံ၍ ထိုင်ထပြုလုပ်စေခြင်းနှင့် အန်စေခြင်းနည်းလမ်းတို့ကိုသာ ဆောင်ရွက်ပြီးရှာဖွေလျက်ရှိပါတယ်။ အဆိုပါနည်းလမ်းများဆောင်ရွက်ခြင်းကြောင့် မူးယစ်ဆေးဝါးထွက်ရှိလာခြင်းမရှိပါက အကျဉ်းထောင်ဆေးရုံမှာရှိတဲ့ ရောဂါရှာဖွေရန်ထားရှိထားတဲ့ ဓာတ်မှန်ရိုက်စက်ဖြင့် ဓာတ်မှန်ရိုက်စစ်ဆေးလျက်ရှိပါတယ်။ သို့သော် အခြားသတင်းမရရှိသောသူများထံမှလည်း အကျဉ်းထောင်အတွင်းသို့ စိတ်ကြွဆေးပြားသွင်းလာနိုင်သဖြင့် ရှာဖွေရန် Body Search Scanner များ လိုအပ်သောကြောင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ငွေလုံးငွေရင်းအသုံးစရိတ် စက်နှင့်စက်ပစ္စည်းရန်ပုံငွေ၌ အဆိုပါစက်ဝယ်ယူရန် လျာထားတန်ဖိုးအပါအဝင် ငွေကျပ် ၁၀၄၆.၃၅၅ သန်း တင်ပြတောင်းခံခဲ့ပေမဲ့ ငွေကျပ် ၅၅.၀၆၈ သန်းသာ ခွင့်ပြုချက်ရရှိခဲ့ပြီး ငွေကျပ် ၉၉၁.၂၈၇ သန်း ဖြတ်တောက်ခဲ့ပါတယ်။ ထိုသို့ ဖြတ်တောက်တဲ့စာရင်းမှာ Body Search Scanner နှစ်စုံဝယ်ယူရန် အတွက် ငွေကျပ် ၁၁၅.၅ သန်း ပါဝင်သွားခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ် စက်ပစ္စည်းနှင့်ရန်ပုံငွေမှာလည်း Body Search Scanner တစ်စုံနှင့် X-ray စက်နှစ်စုံ ဝယ်ယူရန် လျာထားတန်ဖိုးများအပါအဝင် ငွေကျပ် ၂၁၄၆.၀၈ သန်း တင်ပြတောင်းခံခဲ့ပါတယ်။ တောင်းခံရာမှာ ငွေကျပ် ၅၉၅.၀၈၈ သန်းသာ ခွင့်ပြုချက်ရရှိခဲ့ပြီး ငွေကျပ် ၁၅၅၀.၉၉၂ သန်း ဖြတ်တောက်ခဲ့ပါတယ်။ ထိုသို့ဖြတ်တောက်တဲ့စာရင်းမှာ Body Search Scanner တစ်စုံအတွက် ငွေကျပ် ၅၇.၇၅ သန်းနဲ့ X-ray စက်နှစ်စုံအတွက် ငွေကျပ်သန်း ၃၀ ပါဝင်သွားခဲ့ပါတယ်။ သို့ပါ၍ အကျဉ်းဦးစီးဌာန တရားရုံးထုတ်ရုံးပြန်၊ ထောင်ဝင်စာများ တွေ့ဆုံမှုများပြားတဲ့အကျဉ်းထောင်များ မူးယစ်ဆေးဝါးပြန့်ပွားမှုများပြားတဲ့ အကျဉ်းထောင်များမှာ အသုံးပြုရန် Body Search Scanner သုံးစုံနှင့် X-ray Baggage Expression Machine စက်သုံးလုံးကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ဖြည့်စွက်ရန်ပုံတွင်လည်းကောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း မူလ

ရန်ပုံငွေတွင်လည်းကောင်း ထည့်သွင်းလျာထား တင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**တောင်ကုတ်မြို့နယ်၊ မအီမြို့၊ ဆားပြင်ကျေးရွာအုပ်စု၊ ဆားပြင်ကျေးရွာတွင် ရဲကင်းစခန်းတစ်ခု ချမှတ်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နီနီမေမြင့်(တောင်ကုတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါရှင်။ ကျွန်မကတော့ ရခိုင်ပြည်နယ် တောင်ကုတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီမေမြင့် ဖြစ်ပါတယ်ရှင်။ ကျွန်မအနေနဲ့ ဒီကနေ့မှာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့မေးခွန်းကတော့ ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ မအီမြို့၊ ဆားပြင်ကျေးရွာအုပ်စု၊ ဆားပြင်ကျေးရွာတွင် ရဲကင်းစခန်းတစ်ခု ချမှတ်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိကို မေးမြန်းသွားမှာ ဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ တောင်ကုတ်မြို့နယ်၊ မအီမြို့၊ ဆားပြင်ကျေးရွာအုပ်စုဟာ ကျေးရွာပေါင်းကိုးရွာ၊ လူဦးရေ ၁၀၀၀၀ နီးပါးနေထိုင်လျက်ရှိသော ကျေးရွာအုပ်စုတစ်ခုဖြစ်ပါတယ်။ ဆားပြင်ကျေးရွာမှာဆိုရင် အိမ်ခြေပေါင်း ၁၉၅၂ အိမ်၊ အိမ်ထောင်စုပေါင်း ၃၂၀ ကျော်ရှိပြီး လူဦးရေ ၃၀၀၀ ကျော် နေထိုင်လျက်ရှိသော ရွာတစ်ရွာလည်းဖြစ်ပါတယ်။ ဒါ့အပြင် ဆားပြင်ကျေးရွာသည် တောင်ကုတ်မြို့နယ်နှင့် ၂၀ မိုင်၊ မအီမြို့နယ်နှင့် ၂၀ မိုင်၊ လမူးနယ်မြေရဲစခန်းနှင့်လည်း ၁၃ မိုင်ဝေးကွာပါတယ်။ ၁၉၈၂ ခုနှစ်ကဆိုရင် အထိုင်ရဲကင်းအနေဖြင့် တာဝန်ယူဆောင်ရွက်ခဲ့တာလည်း ရှိခဲ့ပါတယ်။ ကျေးရွာအုပ်စုမှာ ရခိုင်ဗုဒ္ဓဘာသာနှင့် ချင်းခရစ်ယာန် လူမျိုးများလည်း နေထိုင်ကြပါတယ်။

အရှေ့ဘက်တွင် ရခိုင်ရိုးမနှင့် ဆက်စပ်လျက်ရှိနေပြီး အနောက်ဘက်တွင် ရမ်းဗြဲမြို့နယ်နှင့် ထိစပ်လျက်ရှိသော ကျေးရွာအုပ်စုတစ်ခုလည်းဖြစ်ပါတယ်ရှင်။ ယခုအချိန်တွင် ကျေးရွာ၌ လူဦးရေ ပိုမိုထူထပ်လာကာ မူလတန်းကျောင်း၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းနှင့် ကျေးလက်ကျန်းမာရေးဌာနများလည်းရှိပြီး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ နောက်တစ်ချက်က ဆားပြင်ကျေးရွာအုပ်စု၏တောင်ဘက်တွင် ဇနီအုပ်စုကျေးရွာငါးရွာနှင့် အိမ်ခြေ ၅၅၀ ခန့်ရှိပြီး မြောက်ဘက်တွင် ပဒါအုပ်စုနှင့်လည်း ဆက်စပ်လျက်ရှိသော ကျေးရွာအုပ်စုဖြစ်ပါတယ်။ ယခုအချိန်တွင် လူဦးရေ ထူထပ်လာသည်နှင့်အမျှ ဆက်စပ်ကျေးရွာအုပ်စုများ၏ လုံခြုံရေးမှာလည်း အလွန်အရေးကြီး

လာပါတယ်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ရခိုင်ရိုးမတောင်တန်းနှင့် ထိစပ်လျက်ရှိသည့်အတွက် တစ်စုံတစ်ရာပြဿနာဖြစ်လာပါက တရားဥပဒေစိုးမိုးရေးအတွက် အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်ရန် ရဲစခန်းတစ်ခု မဖြစ်မနေလိုအပ်လျက်ရှိနေပါတယ်။ ၂၀၁၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်၊ ၂၀၁၇ ခုနှစ်အထိ အမှုထမ်းကြီး/ငယ်ပေါင်း ၄၃ မှုဖြစ်ပွားခဲ့သော နယ်မြေလည်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ဆားပြင်နယ်မြေရဲစခန်း တည်ဆောက်ပေးမည်ဆိုပါက မြေနှစ်ဧကမှာလည်း အဆင်သင့်ရှိပြီး နောက်ထပ်လိုအပ်ချက်များကိုလည်း ကျေးရွာအုပ်စုအတွင်းမှ ထောက်ပံ့ပေးသွားမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ တောင်ကုတ်မြို့နယ်အတွင်း လုံခြုံရေးလွှမ်းခြုံနိုင်ရန်အတွက် ကျေးရွာဒေသများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ မှုခင်းများ များပြားလာသည့်အတွက် တရားဥပဒေစိုးမိုးရေး၊ နယ်မြေလုံခြုံရေးအတွက် ဆားပြင်ကျေးရွာအုပ်စုတွင် ရဲစခန်းတစ်ခု ချမှတ်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိကို မဲဆန္ဒရှင်ပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဗိုလ်ချုပ်အောင်သူ(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ရခိုင်ပြည်နယ် တောင်ကုတ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီမေမြင့်ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ တောင်ကုတ်မြို့နယ် ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ တောင်ကုတ်မြို့မရဲစခန်း၊ တမူးနယ်မြေရဲစခန်း၊ ရွာမနယ်မြေရဲစခန်း၊ ဇနီနယ်မြေရဲစခန်းနှင့် တောင်ပုံကြီးနယ်မြေရဲစခန်းတို့ရှိပါတယ်။ လမူးနယ်မြေရဲစခန်းကို ၁၉၅၀ ခုနှစ်မှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ရဲစခန်းဧရိယာ ၂.၆၅ ဧကကျယ်ဝန်းပြီး ပေ ၃၀ ဂရန်ရရှိထားပြီး ဖြစ်ပါတယ်။ လမူးနယ်မြေရဲစခန်းမှာ အရာရှိနှစ်ဦး၊ အခြားအဆင့် ၂၆ ဦး စုစုပေါင်း ၂၈ ဦးဖြင့် နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်လျက်ရှိပါတယ်။ ဆားပြင်ကျေးရွာအုပ်စုဟာ လမူးနယ်မြေရဲစခန်းအပိုင်တွင်ပါရှိပြီး ကျေးရွာပေါင်းကိုးရွာ၊ အိမ်ခြေ ၁၄၈၁ အိမ်၊ အိမ်ထောင်စု ၁၅၀၇ စု၊ လူဦးရေ ကျား ၃၈၄၀ ဦး၊ မ ၃၂၀၃ ဦး စုစုပေါင်း ၇၀၄၃ ဦး အထက်တန်းကျောင်း၊

အလယ်တန်းကျောင်းနှစ်ကျောင်း၊ မူလတန်းကျောင်းငါးကျောင်း၊ ကျေးလက် ကျန်းမာရေးဆေးပေးခန်း တစ်ခုတို့ရှိပါတယ်။

ဆားပြင်ကျေးရွာမှာ အိမ်ခြေ ၇၂၆ အိမ်၊ အိမ်ထောင်စု ၇၄၁ စု၊ လူဦးရေ ကျား ၁၄၂၆ ဦး၊ မ ၁၄၈၆ ဦး စုစုပေါင်း ၂၉၁၂ ဦးနေထိုင်လျက်ရှိပါတယ်။ ဆားပြင်ကျေးရွာနှင့် လမူးနယ်မြေရဲစခန်းတို့သည် တောင်ကုတ်-မအီကားလမ်းဘေးတွင်တည်ရှိပါတယ်။ လမူးနယ်မြေရဲစခန်းတွင် ဆားပြင်ကျေးရွာတို့သည် ကတ္တရာလမ်း ၁၃ မိုင်ခန့်ကွာဝေးပြီး ကား၊ ဆိုင်ကယ်ဖြင့် ၄၅ မိနစ်ခန့်သွားလာနိုင်ပါတယ်။ ဆားပြင်ကျေးရွာအုပ်စု မှုခင်းဖြစ်ပွားမှုအနေဖြင့် ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအထိ အမှုကြီးခုနစ်မှု၊ အခြားအမှု ၄၆ မှု၊ ကြိုတင်ကာကွယ်မှု ၅၁ မှု ဖြစ်ပွားခဲ့ပါတယ်။ ဆားပြင်ကျေးရွာမှာ ၁၉၈၂ ခုနှစ်မှစ၍ လှုပ်ရှားရဲကင်းအား အရာရှိတစ်ဦး၊ အခြားငါးဦးဖြင့်ထားရှိခဲ့ပြီး ၁၇-၁၁-၂၀၁၈ ရက်နေ့တွင် အဆိုပါရဲကင်းမှ တပ်ဖွဲ့ဝင်များအား လမူးနယ်မြေရဲစခန်းသို့ ပြန်လည်အင်အားဖြည့်တင်းခဲ့ပါတယ်။ ဒါ့အပြင် ကျေးရွာဟာ တမူးနယ်မြေရဲစခန်းနှင့် ခရီးကွာဝေးမှုမရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း၊ မှုခင်းဖြစ်ပေါ်မှုနည်းပါးခြင်း၊ လမူးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များဖြင့် ရွာစင်ကြယ်လှည့်ကင်း၊ ဝပ်ကင်းများ ဆောင်ရွက်လျက်ရှိခြင်းကြောင့် ရဲကင်းစခန်းဖွင့်လှစ်ရန်မလိုအပ်သေးသော်လည်း လှုပ်ရှားရဲကင်းအဖြစ် ပြန်လည်ချထားဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ တောင်ကုတ်မြို့နယ်၊ ဆားပြင်ကျေးရွာမှာ ရဲကင်းစခန်းဖွင့်လှစ်ပေးရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် နယ်မြေလုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လမူးနယ်မြေရဲစခန်းမှ အင်အားထုတ်နုတ်၍ လှုပ်ရှားရဲကင်းအဖြစ် ပြန်လည်ချထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်တွင် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်နှင့် ဒေသတွင်းစိမ်းလန်းစိုပြည်မှုကို အထောက်အကူဖြစ်စေရန်အတွက် ရွှေပုံတောင်စိမ်းလန်း စိုပြေရေးဧရိယာ အပြင်စည်းနယ်မြေရှိ ယခင်အုတ်ရေကန်များအား ပြုပြင်ခြင်း၊ အုတ်ရေကန်သစ်များ ထပ်မံတည်ဆောက်ခြင်း၊ ရေပိုက်လိုင်းများ ပြန်လည်သွယ်တန်း၍ မြစ်ရေတင်စနစ်ဖြင့် ရေလောင်း စိုက်ပျိုးပြုစု ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရန်နှင့် ကုန်ကျစရိတ်များသော်လည်း ရှင်သန်ဖြစ်ထွန်းမှုကောင်းသည့် သက်တမ်းရင့်ပျိုးပင်ကြီးများဖြင့် အရေအတွက်များများ စိုက်ပျိုးသွား ရန် အစီအစဉ်ရှိ/မရှိ သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဘိုကြီး(ချောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များနှင့်၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ဂါရဝပြု နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ချောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုကြီးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကြယ်ပွင့်ပြမေးခွန်းမေးသွားမှာကတော့ ချောက်မြို့နယ် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့် အလမ်းရရှိရေးနှင့်ဒေသခံစိမ်းလန်းစိုပြည်ရေးအတွက် ရွှေပုံတောင်စိမ်းလန်းစိုပြည်ရေးဧရိယာ ပြင်ပ စည်းမှာရှိတဲ့ သစ်ပင်တွေစိုက်ဖို့အတွက် ပျက်စီးနေတဲ့ အုတ်ကန်တွေတည်ဆောက်ဖို့ ထပ်ပြီးတော့ တည်ဆောက်ပေးဖို့၊ နောက်မြစ်ရေတင်ကနေ ရေလိုင်းတွေတင်ပေးဖို့ အစီအစဉ်ရှိ/မရှိနှင့် နောက်တကယ်အသက်ကြီးပြီးတော့ အပင်ခံတဲ့သစ်ပင်ကြီးတွေ စိုက်/မစိုက်ဆိုတဲ့ မေးခွန်းကို မေးမြန်း သွားမှာဖြစ်ပါတယ်။

ကျွန်တော့်ကို Power Point နှင့်တင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ချောက်မြို့ရဲ့ ရွှေပုံတောင်စိမ်းလန်းစိုပြည်ရေးဧရိယာဖြစ်ပါတယ်။ မြို့ရဲ့မြောက်ဘက်မှာရှိပါတယ်။ မြစ်ရဲ့အရှေ့ဘက်လည်းဖြစ်ပါတယ်။ အဲဒီတော့ ဒီတင်ပြချင်တာက လက်ရှိကျွန်တော်တို့ရဲ့ စိမ်းလန်းစိုပြည် ရေးအောင်မြင်နေတာကို ပြတာဖြစ်ပါတယ်။ ဒီဟာဆိုလို့ရှိရင် ကျွန်တော်တို့က ၁၂၃၇၀ ဧကရှိပါတယ်။ အဲဒီဒေသမှာ ပထမအောင်မြင်နေတဲ့အပိုင်းတွေဖြစ်ပါတယ်။ ဘယ်နှစ်ခုနှစ်စခဲ့လဲဆိုရင် ၂၀၀၁ ကနေ ပြီးတော့ ၂၀၁၈-၂၀၁၉ (၆)လအထိ စိုက်ခင်းဧကပေါင်း ၃၈၅၀ ရှိပြီးတော့ စိုက်ပင်ပေါင်းကလည်း ခြောက်သိန်းကျော်ရှိပါတယ်။ အောင်မြင်မှုကလည်း ၆၀ ရာခိုင်နှုန်းအောင်မြင်နေပါတယ်။ နောက်တစ်ချက်

ကတော့ ဒီလိုအောင်မြင်နေဖို့အတွက် မြစ်ကနေပြီးတော့ လျှပ်စစ်မီးနှင့် ရွှေပုံတောင်ကိုတင်ပါတယ်။ တင်ပြီးတော့ စိုက်ခဲ့ပါတယ်။ ဒါကြောင့်မို့လို့ အောင်မြင်တာဖြစ်ပါတယ်။ ကျွန်တော်တင်ပြမှာကတော့ ဒါ ပင်မစည်းဖြစ်ပါတယ်။ အဲဒီနေရာတွေကတော့ ကျွန်တော်တို့က ဒီအပူပိုင်းဒေသဆိုတဲ့အခါကျတော့ သစ်ပင်တွေကမပေါက်ရောက်တော့ပါဘူး။ နွေရာသီဖြစ်လာတော့ ချောက်ပြီးတော့ ရေလဲမရဘူး။ ဒီမှာ ကျွန်တော်တို့ရဲ့တောတွေခပ်များများကတော့ ကျွန်တော်တို့ စိုက်တဲ့အပင်တွေက ဒီထနောင်းတို့၊ ကန္တရ ပင်တို့၊ သပွတ်ပင်တို့အစရှိတဲ့ ဒီအပင်တွေပဲများပါတယ်။ ဒါတွေလည်းရှိတယ်။ အဲဒီတော့ ဒီမှာ တင်ဖို့ အတွက် အုတ်ကန်တွေကလည်း ပျက်စီးနေပြီ။ ဒါကြောင့်မို့လို့ ဒီရွှေပုံတောင်ကို လျှပ်စစ်နဲ့တင်။ တင်ပြီး တော့မှ အုတ်ကန်တွေဖို့ ပို့ပြီးမှကျွန်တော်တို့ အောက်ကနေတွန်းတင်ပြီးတော့ ဖြန့်ရမှာဖြစ်ပါတယ်။ နေရာတွေလည်း အများကြီးကျန်ပါသေးတယ်။ ဒါတွေကို ကျွန်တော်တို့က ထပ်ပြီးတော့ တိုးချဲ့ပြီးလုပ် စေချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ပထမစိုက်ထားတာကိုက ပိုက်ဆံက သန်းပေါင်း ၁၃၆ သန်း ကုန်သွားပြီ။ ဒါတွေဆက်မလုပ်ရင် ဒါတွေက အလကားဖြစ်သွားမှာ။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဆက်ပြီးတော့ ဆောင်ရွက်စေလိုပါတယ်။ ဒီမှာအများကြီးကျန်ပါသေးတယ်။ စိုက်ဖို့တွေ။ စိုက်လည်း စိုက်ထားပြီးပြီ။ တစ်ဝက်တစ်ပျက်ဖြစ်နေတယ်။ ရေကငတ်နေတဲ့အခါကျတော့ ဒါတွေရေလောင်းဖို့ လိုပါတယ်။ ဒါကတော့ ကျွန်တော်တို့ ရွှေပုံတောင်ဘုရားကြီးလည်းပါသလို။ ကျွန်တော်ထင်တာပြော တာ ရွှေပုံတောင်ပတ်ဝန်းကျင်ကသစ်ပင်တွေက စိမ်းလန်းစိုပြည်တဲ့အခါကျတော့ ရေနံတွေကအရမ်း ထွက်လာပါတယ်။ အခုကျွန်တော်တို့ ဗမာပြည်မှာ ပြည်တွင်းရေနံမှာ ကျွန်တော်တို့က ရေနံချောင်း၊ မန်းသံမရာကန်၊ ညောင်တုန်းနားမှာရှိတဲ့ဟာ နောက်တစ်ခါ ကျွန်တော်တို့ ထောက်ရှာပင်၊ ကျောက်ခွက် အစရှိတဲ့ ရေနံမြေအားလုံးမှာ ကျွန်တော်တို့ချောက်က လက်ရှိတစ်နေ့ကို ရေနံစိမ်းပီပါ ၁၆၀၀ ကျော် ထွက်နေပါတယ်။ အများဆုံးဖြစ်နေပါတယ်။ ဒါတွေကို စိမ်းလန်းစိုပြည်တာလားတော့ မပြောတတ် ဘူးလေ။ ဒါဟာ ကျွန်တော်တို့အနေအထားကို တင်ပြခြင်းဖြစ်ပါတယ်။ ဒါရွှေပုံတောင်ပတ်ဝန်းကျင်က ရေနံတွင်းတွေဖြစ်ပါတယ်။ ရေနံအရမ်းထွက်နေပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ပြည်သူ့ များကိုယ်စားတင်ပြချင်တာကတော့ ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိဖို့နှင့် ဒေသတွင်းစိမ်းလန်းစိုပြည်မှုကို အထောက်အကူဖြစ်စေရန်အတွက် ရွှေပုံတောင်စိမ်းလန်းစိုပြည်ရေး အပြင်စည်းနယ်မြေကို အုတ်ကန်ရေများများထပ်ဆောက်ပေးပါ။ ထပ်တည်ပေးပါ။ နောက်ပြီးတော့ ရေပိုက်လိုင်းတွေသွယ်ပေးပါ။ လုပ်ဖို့အတွက် အစီအစဉ်ရှိ/မရှိနှင့် သစ်ပင်တိုးချဲ့ရာမှာ ရှင်သန်း

ဖြစ်ထွန်းမှုကောင်းတဲ့ သက်တမ်းရင့်ပျိုးပင်ကြီးတွေကို များများစိုက်နိုင်ဖို့ရှိ/မရှိ မေးရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာရဲမြင့်ဆွေ(ဒုတိယဝန်ကြီး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဒုတိယဝန်ကြီး ရဲမြင့်ဆွေဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ ချောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဘိုကြီးရဲ့ မေးခွန်းနှင့်ပတ်သက်ပြီးတော့မှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့နှင့် ပေါင်းစပ်ပြီး ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ဒီရွှေပုံတောင်ဒေသဟာ ချောက်ရေနံမြေဧရိယာဖြစ်ပြီးတော့မှ ကျွန်တော်တို့ ၂၀၀၈ ခုနှစ်ကနေ ၂၀၁၇ ခုနှစ်အထိ (၁၀)နှစ် အတွင်း နှစ်စဉ်ပျမ်းမျှမိုးရွာရက် ၄၀ နှင့် မိုးရေချိန်က ၂၂.၉၈ လက်မ ၂၀၁၈ ခုနှစ်မှာ မိုးရွာရက် ၄၄ ရက်နှင့် မိုးရေချိန် ၂၆.၃၇ လက်မရွာသွန်းပြီး ပျမ်းမျှအမြင့်ဆုံးအပူချိန်ဟာ ၄၁ ဒီဂရီစင်တီဂရိတ်ရှိပြီး တော့မှ အနိမ့်ဆုံးအပူချိန်မှာ ၁၉ ဒီဂရီစင်တီဂရိတ်ရှိတဲ့အတွက် ကျွန်တော်တို့ နွေရာသီနှင့် မိုးပြတ်တဲ့ ကာလတွေမှာ စိုက်ပျိုးပင်တွေကို ရေလောင်းပြုစုပေးရန်လိုအပ်လျက်ရှိပါတယ်။ အပြင်စည်းနယ်မြေ၌ ရေလောင်းစိုက်ပျိုးပြုစုထိန်းသိမ်းရန်အတွက် ရေဂါလန် ၃၀၀၀ ဆံ့ အုတ်ရေကန်များပြန်လည်ပြုပြင်ခြင်း၊ ရေဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တစ်လုံးထပ်မံ တည်ဆောက်ခြင်းနှင့် ရေပိုက်လိုင်းများ ပြန်လည် သွယ်တန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားရန်အတွက် ကွင်းဆင်းတိုင်းတာခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး ပင်မနှင့်အတွင်းစည်းနယ်မြေ B3 ကုန်းရှိ အုတ်ရေကန်မှ အပြင်စည်းနယ်မြေရှိ အုတ်ရေကန်များသို့ ပေ ၂၀၂၅ ပေအကွာအဝေးကို ရေပိုက်လိုင်းများသွယ်တန်း၍ အလယ်နေရာ တွင် အမြင့်တင်ရေပန့်တစ်လုံးဖြင့် ထပ်ဆင့်တွန်းတင်ရမည်ဖြစ်ပါသဖြင့် အုတ်ရေကန်သုံးလုံး ပြုပြင်ခြင်း၊ အုတ်ရေကန်အသစ်တစ်ခုတည်ဆောက်ခြင်း၊ ရေပိုက်လိုင်းများသွယ်တန်းခြင်း၊ ရေပန့်

မော်တာ 200 KVA ထရန်စဖော်မာတစ်လုံးတပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လိုအပ်မည့်ရန်ပုံငွေ ၉၆.၉၂ ကျပ်သန်းကို ခွင့်ပြုပေးပါရန် တင်ပြတောင်းခံသွားမှာဖြစ်ပါတယ်။

အဆိုပါထရန်စဖော်မာတပ်ဆင်ခြင်း၊ ရေပန့်မော်တာတပ်ဆင်ခြင်းနှင့် ရေပိုက်လိုင်းများ သွယ်တန်းခြင်းလုပ်ငန်းများဆောင်ရွက်မည်ဆိုပါက ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီး ဌာနအနေဖြင့်လည်း လိုအပ်သည့်နည်းပညာဆိုင်ရာအကူအညီများ ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ဖြေကြားထားပါတယ်။ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ၂၀၁၉ ခုနှစ် မိုးရာသီမှာ ကျွန်တော်တို့ ပင်မနှင့် အတွင်းစည်းနယ်မြေများအတွင်းမှ သက်တမ်းရင့်တမာပျိုးပင်ကြီးအပင် ၄၀၀ နှင့် သစ်မျိုးစုံ ၂၅၄၀ ပင်၊ အပြင်စည်းနယ်မြေမှာ တမာပျိုးပင်ကြီး ၁၀၀ နှင့် သစ်မျိုးစုံ ၁၀၉၆၀ ပင် စုစုပေါင်း ၁၄၀၀၀ ပင် စိုက်ပျိုးသွားမည်ဖြစ်ပြီး ယခုအချိန်အတွင်း မြေသားပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ မှတ်တမ်းဓာတ်ပုံများမှာလည်း တင်ပြထားပါတယ်။

အထက်တင်ပြပါ ရေတင်ရေလောင်းလုပ်ငန်းအတွက် ရန်ပုံငွေခွင့်ပြုမိန့်ရရှိပါက အပြင်စည်းနယ်မြေ၌ ကျန်းရှိသည့် မြေဧရိယာ ၂၁၈.၃ ဧကတွင် တစ်နှစ်လျှင် အပင် ၂၀၀၀၀ နှုန်းဖြင့် ငါးနှစ်အတွင်းအပင်ပေါင်း ၁၀၀၀၀၀ ကို ရေပိုက်လိုင်းများသွယ်တန်း၍ ရေလောင်းပြုစုထိန်းသိမ်းသွားရန် စီစဉ်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒက္ခိဏသီရိမြို့နယ်၊ သီရိမင်္ဂလာကျေးရွာအား ပြည်ထဲရေးအမည်ပေါက်ကျေးရွာအဖြစ် နေပြည်တော်ကောင်စီမှ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနပိုင်သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် နိုင်ငံတော်ပိုင်မြေများအား အကွက်ရိုက်ရောင်းစားနေမှုများကို ထိန်းချုပ်နိုင်ရန်အတွက် မည်ကဲ့သို့ဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန့်ဇင်ထွန်း(ဒက္ခိဏသီရိမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များအားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ဒက္ခိဏသီရိမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ထွန်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေးမှာ သီရိမင်္ဂလာကျေးရွာနှင့် သဲဖြူကျေးရွာတို့အား ပြည်ထဲရေးအမည်ပေါက် ကျေးရွာများအဖြစ် သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိ ကြယ်ပွင့်မပြမေးခွန်းကို မေးမြန်းခဲ့ပါတယ်။ သီရိမင်္ဂလာကျေးရွာနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီမှ ပြန်လည်ဖြေကြားရာမှာ သီရိမင်္ဂလာ ကျေးရွာသည် ပလွေးသစ်တောကြိုးဝိုင်းအကွက်အမှတ်(၂၊ ၃)အတွင်း၌ လွန်ခဲ့သော ၁၀ နှစ်ခန့်က စတင်နေထိုင်ခဲ့ပြီး ၂၀၁၃ ခုနှစ် အိမ်ခြေ ၅၀ နှင့်အထက်၊ အောက်ကျေးရွာများအား သစ်တောမြေမှ ပယ်ဖျက်နိုင်ရေးစာရင်းကောက်ယူရာတွင် ပါဝင်ခဲ့ကြောင်း၊ စာရင်းကောက်နေဆဲကာလတွင် မူလ နေထိုင်သည့်ဦးရေထက် ပိုမို၍ ကျူးကျော်နေထိုင်ရန် ဆောင်ရွက်လာသည့်အတွက် စာရင်းကောက် လုပ်ငန်းများ ရပ်ဆိုင်းခဲ့ရသည့်ကျေးရွာဖြစ်ကြောင်း၊ ထိုအချိန်က ကျူးကျော်နေထိုင်သူ ၂၄၆ ဦးရှိ ကြောင်း၊ မြို့နယ်သစ်တောဦးစီးဌာနမှ တရားစွဲဆိုခဲ့ရာ တရားရုံးမှ တစ်ဦးလျှင် ဒဏ်ငွေ ၅၀၀၀ ကျပ်စီ တပ်ရိုက်ခဲ့ကြောင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနပိုင် သစ်တောမြေ အဖြစ်မှ ပယ်ဖျက်ပေးမှသာ ပြည်ထဲရေးအမည်ပေါက်ကျေးရွာအဖြစ် ဆက်လက်ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း ဖြေကြားခဲ့ပါတယ်။ သီရိမင်္ဂလာကျေးရွာဟာ သရက်ဖုန်စီမံကိန်းအတွင်းမှာပါဝင်နေပြီး တော့ သရက်ဖုန်စီမံကိန်းမြေများအား သစ်တောမြေအဖြစ်မှ ပယ်ဖျက်ခဲ့ပြီးဖြစ်ပါတယ်။ ထိုအချိန်က လုပ်ပိုင်ခွင့်ရသူတစ်ဦးတစ်ယောက် မြေလက်ဝယ်ရယူရန် ခက်ခဲနေတဲ့အတွက် သစ်တောဦးစီးဌာနမှ တရားစွဲဆိုခြင်းဖြစ်ကြောင်း တရားစွဲခံရသူတချို့က ပြောကြပါတယ်။ ကျေးရွာမြေတစ်ခြမ်းမှာ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများဖြစ်နေပြီး ၎င်းမြေပေါ်မှာရှိတဲ့ ကျူးကျော်အိမ်ထောင်စုများအား တရားစွဲဆိုခံရမှုမရှိဘဲ သစ်တောကျူးကျော်အိမ်ထောင်စုများကိုသာ တရားစွဲဆိုခဲ့ခြင်း ဖြစ်ပါတယ်။ သီရိမင်္ဂလာကျေးရွာမှာ ဒေသခံ ၁၇၅ ဦး၊ ဝန်ထမ်း ၇၅ အိမ်ထောင်စု၊ အငြိမ်းစားဝန်ထမ်း ၁၅ အိမ်ထောင်စု၊ ရွှေ့ပြောင်းလုပ်သားအိမ်ထောင်စု ၁၈၄ စုစုပေါင်း အိမ်ခြေ ၄၄၉ အိမ်နဲ့ လူဦးရေ ၁၆၁၈ ဦး နေထိုင်ကြောင်း ရပ်ရွာအကြီးအမှူးများထံမှ သိရှိရပြီးတော့ ကျူးကျော်မှုများ နိုင်ငံတော်ပိုင်မြေများ အား အကွက်ရိုက်ရောင်းစားနေမှုများကို ထိန်းချုပ်နိုင်ရန်အတွက် တစ်စုံတစ်ရာဆုံးဖြတ်ဆောင်ရွက် ရန် လိုအပ်နေပါတယ်။ သို့ဖြစ်ပါ၍ အောက်ပါမေးခွန်းများကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်း အပ်ပါတယ်။ သီရိမင်္ဂလာကျေးရွာအား ပြည်ထဲရေးအမည်ပေါက်ကျေးရွာအဖြစ် နေပြည်တော် ကောင်စီမှ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနပိုင်သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးရန်အစီအစဉ်ရှိ/မရှိ၊ နိုင်ငံတော်ပိုင် မြေများအား

အကွက်ရိုက်ရောင်းစားနေမှုများကို ထိန်းချုပ်နိုင်ရန်အတွက် မည်ကဲ့သို့ ဆောင်ရွက်ထားပါသနည်း စသည်တို့ကို မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာရဲမြင့်ဆွေ(ဒုတိယဝန်ကြီး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ မင်္ဂလာပါခင်ဗျား။ နေပြည်တော် ဒက္ခိဏသီရိမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ထွန်း မေးမြန်းတဲ့မေးခွန်းနှင့်စပ်လျဉ်းပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးမေးမြန်းတဲ့ နေပြည်တော်ကောင်စီအတွင်းမှာရှိတဲ့ သီရိမင်္ဂလာကျေးရွာနှင့် ပတ်သက်ပြီး စိစစ်ထားချက်များအရ ဖော်ပြပါအတိုင်း တွေ့ရှိရပါတယ်။ (က) အဆိုပါမြေဧရိယာ ၄၈ ဧကဟာ ပလွေးကြိုးဝိုင်း၊ အကွက်အမှတ်(၂၊ ၃)အတွင်း ကျရောက်နေပြီးတော့မှ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးနှင့် နေပြည်တော်မြို့ပတ်(V-4)လမ်းတို့အကြားမှာ တည်ရှိပါတယ်။ (ခ) အဆိုပါဧရိယာအတွင်း အဆောက်အဦဆောက်လုပ်ထားခြင်းမရှိတဲ့ ခြံစည်းရိုးကာရံထားသော ခြံလွတ် ၂၈ ကွက်နှင့် ဆောက်လုပ်ပြီး တဲ/အိမ် ၄၄၆ လုံး တွေ့ရှိရပြီး ၂၀၁၄ ခုနှစ်မှာ နေ့ညချက်ချင်း ကျူးကျော်တဲနှင့်အိမ်များ ဆောက်လုပ်နေထိုင်ကြတဲ့အတွက် ကြိုးဝိုင်းကျူးကျော်စာရင်းကောက်ယူမှုကို ရပ်ဆိုင်းထားခဲ့ရတဲ့မြေနေရာ ဖြစ်ပါတယ်။ (ဂ) အဆိုပါဧရိယာအတွင်းနေထိုင်သူများဟာ ၂၀၁၃ ခုနှစ် နိုင်ငံတော်သမ္မတရဲ့လမ်းညွှန်မှုဖြင့် စာရင်းကောက်ယူနေစဉ် ရွှေခဲအင်းကျေးရွာ၊ ကျောက်ခဲအင်းကျေးရွာ၊ ကျွဲတဲကျေးရွာတို့မှ ရွှေ့ပြောင်းရောက်ရှိလာကြသူများ ဖြစ်ကြပါတယ်။ (ဃ) နေပြည်တော်တည်ဆောက်ရေးကာလအတွင်း အနယ်နယ်အရပ်ရပ်မှ ရောက်ရှိလာတဲ့ အလုပ်သမားများ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်းကြောင့် ၂၀၁၃ ခုနှစ် ကြိုးဝိုင်းကျူးကျော်စာရင်းကောက်ယူမှု ရပ်ဆိုင်းခဲ့ရပြီး အဆိုပါကျူးကျော်သူ ၂၄၆ ဦးအား သစ်တောဥပဒေပုဒ်မ ၄၀(က)ဖြင့် တရားစွဲဆိုဆောင်ရွက်ခဲ့ရတဲ့ မြေနေရာ ဖြစ်ပါတယ်။

သီရိမင်္ဂလာကျေးရွာ စုစည်းနေရာချထားပေးရန် လျှောက်ထားတဲ့မြေနေရာဟာ သစ်တောမြေအတွင်းကျရောက်ပြီး ၂၀၁၃ ခုနှစ် ချက်ချင်းကျူးကျော်ဝင်ရောက်နေထိုင်ကြတဲ့အတွက် ကြိုးဝိုင်းကျူးကျော်စာရင်းကောက်ယူမှုရပ်နားထားရတဲ့ မြေနေရာဖြစ်ခြင်း၊ ၂၀၁၃ ခုနှစ် ကြိုးဝိုင်းကျူးကျော်စာရင်းအရ အဆိုပါသီရိမင်္ဂလာကျေးရွာပါဝင်မှုမရှိခြင်း၊ လမ်းမကြီးနှစ်ခုကြား မဟာဗျူဟာကျသောနေရာဖြစ်သည့်အတွက် မသမာသူတို့ရဲ့တရားမဝင်အိမ်ခြံမြေရောင်းဝယ်မှုများ ဖြစ်ပေါ်လာနိုင်ပြီး ထပ်မံကျူးကျော်၍ အခွင့်အရေးများ တောင်းဆိုလာနိုင်ခြင်းတို့ကြောင့် သစ်တောမြေအဖြစ်က ပယ်ဖျက်ခွင့်ပြုမှာမဟုတ်ပါကြောင်းနှင့် သစ်တောမြေအတွင်း ကျူးကျော်ဝင်ရောက်သူများအား ယခင်သစ်တောဥပဒေပုဒ်မ ၄၀(က)နှင့်(ဂ)တို့အရ ဒဏ်ငွေ ၅၀၀၀ ကျပ်ဖြစ်စေ၊ ထောင်ဒဏ် ၆ လဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရန် ပြစ်ဒဏ်ချမှတ်နိုင်သော်လည်း ကြိုးဝိုင်းအတွင်းကျူးကျော်မှုများကို ဖော်ထုတ်ရန် ဥပဒေ၏အားနည်းချက်ဖြစ်ပေါ်ခဲ့ပြီး ယခုအခါ ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၄၀(ခ)၌ ကြိုးဝိုင်းအတွင်းမှ ရက် ၃၀ အတွင်း ဖယ်ရှားရန်ပြဋ္ဌာန်းပါရှိသဖြင့် သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားနိုင်မှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ သို့ပါ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့မေးခွန်းနဲ့စပ်လျဉ်းပြီး အထက်ပါ စစ်ဆေးတွေ့ရှိချက်များအရ သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် နိုင်ငံတော်ပိုင်မြေများကို အကွက်ရိုက်ရောင်းစားနေမှုမရှိစေရန်အတွက် လက်ရှိကျူးကျော်မှုများအား တရားစွဲဆိုဖယ်ရှားရှင်းလင်းခြင်း၊ အများပြည်သူသိရှိနိုင်ရန်အတွက် သတိပေးတားမြစ်ဆိုင်းဘုတ်များ စိုက်ထူခြင်း၊ ပတ်ဝန်းကျင်ကျေးရွာများသို့ သတိပေးစာထုတ်ပြန်အသိပေးခြင်းနှင့် ကွင်းဆင်းဟောပြောမှုများပြုလုပ်ခြင်း၊ တာဝန်ကျဝန်ထမ်းများမှ အမြဲမပြတ်လှည့်လည်စစ်ဆေး၍ ထပ်မံကျူးကျော်သူများကို သစ်တောဥပဒေအရ တစ်အိမ်ကျူး တစ်အိမ်တရားစွဲဆိုခြင်းစသဖြင့် ဟန့်တားအရေးယူဆောင်ရွက်ကာ နိုင်ငံတော်ပိုင်မြေများကို အကွက်ရိုက်ရောင်းစားနေမှုများကို ထိန်းချုပ်နိုင်ရန်အတွက် ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးသန့်ဇင်ထွန်း(ဒက္ခိဏသီရိမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တစ်စပ်တည်းမေးခွန်းမေးမြန်းခွင့်ပြုပါ။ တကယ်ကျတော့ မြေပြင်မှာ သာသနာပိုင်အဆောက်အဦတွေရော၊ ဘုရား၊ စေတီပုထိုးတွေရော၊ အိမ်ထောင်စု၊ အိမ်ခြေတွေရောနဲ့ တကယ်တမ်းကျတော့ ဖယ်ရှားရှင်းလင်းဖို့က အင်မတန်ခက်ခဲတဲ့အခြေအနေမှာ ရှိနေပြီဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အထွေထွေရွေးကောက်ပွဲကြီးမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးက ၎င်းမဲရရှိရန်အတွက် သီရိမင်္ဂလာရပ်မိရပ်ဖများနှင့်တွေ့ဆုံကာ ပြည်ထဲရေးအမည်ပေါက်ကျေးရွာအဖြစ် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောဆိုကာ ကျေးရွာအမည်နှင့် အိမ်ထောင်စုစာရင်းပါဗွီနိုင်းကို ရွာထိပ်မှာစိုက်ထူ၍ မဲဆွယ်စည်းရုံးခဲ့ပါတယ်။ သထုံမဲဆန္ဒနယ် ဒေါ်မာမာခိုင်ရဲ့မြို့ရွာစီမံချက်ကို စနစ်တကျအမြန်ဆုံးချမှတ်ဆောင်ရွက်ပေးရန် အစိုးရသို့ တိုက်တွန်းကြောင်းအဆိုကိုလည်း ပြည်သူ့လွှတ်တော်ကြီးက အတည်ပြုပြီးဖြစ်ပါတယ်။ မြို့ရပ်ကွက်၊ ကျေးရွာစီမံချက်များ ဖော်ထုတ်ပေးခြင်းနှင့် တရားဝင်နေထိုင်ခွင့်ပြုခြင်းတို့ဟာ ကုန်ထုတ်လုပ်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ၊ အိမ်ထောင်စုများနှင့် ၎င်းတို့ရဲ့ဝင်ငွေ စသည်တို့ကို ဖွံ့ဖြိုးတိုးတက်စေပါတယ်။ လူသားတို့ရဲ့ကြိုးစားရုန်းကန်လှုပ်ရှားမှုများနှင့် ရင်းနှီးမြှုပ်နှံမှုများကြောင့် မြို့၊ ကျေးရွာများ ပေါ်ပေါက်လာကြခြင်း ဖြစ်ပါတယ်။ လူသားတို့ဆောင်ရွက်ချက်များကြောင့် ပေါ်ပေါက်လာတဲ့ မြို့၊ ကျေးရွာများရှိ နိုင်ငံသားများကို အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေရန် နိုင်ငံတော်အစိုးရက ကာကွယ်စောင့်ရှောက်ပြီး နိုင်ငံသားအခွင့်အရေးများကို ပိုမိုမြှင့်တင်ပေးရမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အောက်ပါဆက်စပ်မေးခွန်းကို မေးမြန်းအပ်ပါတယ်။ သရက်ဇုန်စီမံကိန်းအဖြစ် လူနည်းစုအတွက် ဧကထောင်ပေါင်းများစွာကို သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးခြင်းနှင့် လူဦးရေထောင်ချီနေထိုင်ဖို့ ဧက ၁၀ ဂဏန်းလောက်ကို သစ်တောမြေအဖြစ်မှ ပယ်ဖျက်မပေးခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆ ပုဒ်မခွဲ(င)ပါ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးဟူသော ပြဋ္ဌာန်းချက်နှင့် ညီညွတ်ခြင်းရှိ/မရှိ၊ မြေပြင်အခြေအနေအား ကွင်းဆင်းစစ်ဆေး၍ နေပြည်တော်ကောင်စီနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိကို မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဆက်စပ်မေးခွန်းနှင့်ပတ်သက်ပြီးမှ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားနိုင်က ဖြေကြားနိုင်ဖို့နှင့် အကယ်၍ လတ်တလောဖြေကြားနိုင်ခြင်းမရှိဘူးဆိုလို့ရှိရင်လည်း စာဖြင့် ပြန်ပြီးဖြေကြားလို့ရပါတယ်။

**ဒေါက်တာရဲမြင့်ဆွေ(ဒုတိယဝန်ကြီး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေနဲ့ကတော့ သစ်တောကဏ္ဍဆိုင်ရာလုပ်ထုံးလုပ်နည်းတွေ၊ စည်းကမ်း၊ ဥပဒေတွေ၊ နည်းဥပဒေတွေက အသီးသီးဖြစ်ပေါ်တဲ့အတွက် ကျွန်တော်တို့သစ်တောကဏ္ဍ

အနေနဲ့ကတော့ သစ်တောလုပ်ထုံးလုပ်နည်းတွေနဲ့ ဆက်လက်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဧရိယာဟာ တကယ်တော့ နေပြည်တော်ကောင်စီဧရိယာနယ်နိမိတ်ထဲမှာလည်း ကျရောက်နေခြင်း၊ နောက်ပြီးတော့မှ သစ်တောဧရိယာအပြင် အနီးအနားမှာရှိတဲ့ တချို့မြေလွတ်၊ မြေရိုင်းများနှင့်လည်း ဆက်စပ်နေခြင်းစသည့် အကြောင်းများကြောင့် အဆိုပါလွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းလာတဲ့ဆက်စပ်မေးခွန်းဟာဆိုရင်ဖြင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတစ်ခုတည်းအနေနဲ့ ပြန်လည်ပြီးတော့မှ ဖြေရှင်းရန်မလုံလောက်ဘဲနဲ့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီတို့၊ နေပြည်တော်ကောင်စီတို့နှင့်ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပြီးမှသာလျှင် မည်ကဲ့သို့ဆက်လက်ဆောင်ရွက်သင့်သည်ဆိုတဲ့အဖြေကို ရရှိမှာဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ကနီမြို့နယ်၊ သစ်တောမြေများအတွင်း မြေဧက ၁၀၀ နှင့်အထက် နှစ် ၃၀ ဂရန်လုပ်ပိုင်ခွင့်ချထားခဲ့မှုများတွင် စာချုပ်ပါစည်းကမ်းချက်များကို ချိုးဖောက်နေခဲ့ကြသော်လည်း အဘယ်ကြောင့်အရေးယူဆောင်ရွက်မှုမရှိခြင်းနှင့် ကနီမြို့နယ်၊ အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ကပေါက်အင်းတောင် သစ်တောကြိုးဝိုင်းအတွင်း တင်ဝင်းထွန်းကုမ္ပဏီ၏ နှစ် ၃၀ ဂရန် လုပ်ပိုင်ခွင့်စာချုပ်အား ဖျက်သိမ်းပေးရန် အဆိုအတည်ပြုခဲ့မှုနှင့်စပ်လျဉ်း၍ မည်သို့ဆက်လက်ဆောင်ရွက်ပေးမည်တို့ကိုသိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကနီမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးထွန်းထွန်းနိုင်(ကနီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကနီမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင် ဖြစ်ပါတယ်။ ယနေ့ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ကနီမြို့နယ်၊ သစ်တောမြေများအတွင်း မြေဧက ၁၀၀ နှင့်အထက် နှစ် ၃၀ ဂရန်လုပ်ပိုင်ခွင့်ချထားခဲ့မှုများတွင် စာချုပ်ပါစည်းကမ်းချက်များကို ချိုးဖောက်နေခဲ့ကြသော်လည်း သက်ဆိုင်ရာဝန်ကြီးဌာနကမည်သည့်အရေးယူဆောင်ရွက်မှုမျှမရှိသည်မှာ အဘယ်ကြောင့်ဆိုသည်ကိုသိလိုခြင်းနှင့် ကနီမြို့နယ်၊ အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က ပေါက်အင်းတောင်ကြိုးဝိုင်းအတွင်း တင်ဝင်းထွန်းကုမ္ပဏီ၏ နှစ် ၃၀ ဂရန် လုပ်ပိုင်ခွင့်စာချုပ်အား ဖျက်သိမ်းပေးရန် အဆိုအတည်ပြုခဲ့မှုနှင့်စပ်လျဉ်း

ပြီးတော့ မည်သို့ဆက်လက်ဆောင်ရွက်ပေးမည်တို့ကို သိလိုရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းသွားမှာဖြစ်ပါတယ်။

မေးခွန်းနဲ့ပတ်သက်ပြီး အနည်းငယ်ရှင်းလင်းတင်ပြလိုပါတယ်။ ကနီမြို့နယ်၊ သစ်တောမြေ လုပ်ပိုင်ခွင့်များရဲ့ ဇာတ်လမ်းအစဟာ ကြက်ဆူစီမံကိန်းတွေကစခဲ့တာ ဖြစ်ပါတယ်။ ၂၀၀၅-၂၀၀၆ ခုနှစ်ပတ်ဝန်းကျင်လောက်မှာ သစ်တောမြေ၊ မြေလွတ်၊ မြေရိုင်းများသာမက ဒေသခံတောင်သူများရဲ့ လက်ရှိလက်ငုတ်မြေယာများပေါ်မှာ ကြက်ဆူစိုက်ပျိုးဖို့ လုပ်ခဲ့ကြတာဖြစ်ပါတယ်။ ဦးစီးဌာနတိုင်း ဟာ သူ့ဌာနအလိုက် ကြက်ဆူစိုက်ကွက်တွေကို တာဝန်ယူအကောင်အထည်ဖော်ခဲ့ရတာဖြစ်ပါတယ်။ ဒီထဲမှာ ပုဂ္ဂလိကလုပ်ငန်းရှင်တွေလည်း ပါလာပါတယ်။ အဲဒီလိုအကောင်အထည်ဖော်ကြရာမှာ လမ်းဘေးဝဲ/ယာတစ်လျှောက် ဆိုင်းဘုတ်တွေထောင်ပြီးတော့ ကြီးကြီးကျယ်ကျယ်စိုက်ပျိုးခဲ့ကြတာ ဖြစ်ပါတယ်။ ဒါပေမဲ့ တည်ဆဲဥပဒေများနှင့်အညီ ခွင့်ပြုချက်ရယူစိုက်ပျိုးခဲ့တာတော့ မဟုတ်ဘဲ အဲဒီ ခေတ်အခါက တန်ခိုးထွားခဲ့သူတွေရဲ့ နှုတ်မိန့်နဲ့စိုက်ခဲ့ကြတာဖြစ်ပါတယ်။ နှုတ်မိန့်သာဖြစ်ပါတယ်။ ကြက်ဆူစိုက်ကွင်းတွေထဲမှာပါသွားတဲ့ မူလလက်ရှိလက်ငုတ်တောင်သူများကတော့ အတော့်ကိုဒုက္ခ ရောက်ခဲ့ကြပါတယ်။ မူလလက်ရှိလက်ငုတ်တောင်သူများဟာ ကြက်ဆူပင်ကြားထဲမှာ သီးထွက် သီးညှက်အနေနဲ့ လယ်ယာသီးနှံတွေကို စိုက်ပျိုးခွင့်ရဖို့ သက်ဆိုင်ရာကြက်ဆူဆိုင်းဘုတ်ထောင် ပိုင်ရှင်များကို သီးစားခပေးခဲ့ရတာတွေလည်း ရှိပါတယ်။ အချို့လည်း သီးစားခချထားတာတောင် မခံရဘဲနဲ့ အခြားသူကိုပြောင်းပြီးတော့ သီးစားခချထားခဲ့တာတွေရှိပါတယ်။ ၂၀၀၉ ခုနှစ်လောက် မှာတော့ ကြက်ဆူစိုက်ကွက်တွေကို နှုတ်မိန့်ခွင့်ပြုချက်နဲ့ရခဲ့တဲ့၊ ဧကရာထောင်ချီရခဲ့တဲ့၊ စိုက်ပျိုးခွင့် ရခဲ့တဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်တွေဟာ သစ်တောမြေအတွင်းကျရောက်နေတဲ့အတွက် သစ်တောမြေ လုပ်ပိုင်ခွင့်တွေကို နှစ် ၃၀ ခန့်ရရှိခဲ့ကြပါတယ်။ အချို့ဟာ မူလကြက်ဆူစိုက်ခွင့် နှစ် ၃၀ ဂရန် ဖြစ်ပြီးတော့ တချို့ကတော့ သစ်မာစိုက်ခွင့် နှစ် ၃၀ ဂရန်ရရှိသွားကြတာဖြစ်ပါတယ်။ ကြက်ဆူ စိုက်ကွင်း နှစ် ၃၀ ဂရန်ပါစာချုပ်ပါအကြောင်းအရာတွေကို လေ့လာကြည့်ပြန်တော့လည်း ဧက ၃၂၀၀ လုံး ကြက်ဆူစိုက်ပြီးဖြစ်လို့ နှစ် ၃၀ ဂရန်လုပ်ပိုင်ခွင့်ပေးတယ်လို့ ဖော်ပြပါရှိပါတယ်။ တည်ဆဲ သစ်တောဥပဒေပုဒ်မ ၁၂(က)မှာတော့ သစ်တောမြေအတွင်း စီးပွားရေးလုပ်ငန်းတစ်ရပ် လုပ်ကိုင် လိုလျှင် သစ်တောရေးရာဝန်ကြီးဌာနရဲ့ သဘောတူညီချက်ကို ကြိုတင်ရယူရမယ်လို့ ဖော်ပြပါရှိတဲ့ အတွက် စာချုပ်ကိုကဥပဒေနဲ့ညီညွတ်တဲ့ စာချုပ်မဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ စည်းကမ်းချက်တွေ ထဲမှာလည်း ကြက်ဆူခွင့်ပြုစိုက်ပျိုးမြေမှာ အခြားသီးနှံပြောင်းစိုက်ပျိုးခြင်းမပြုရလို့ ပါပါတယ်။

အခုချိန်မှာတော့ ကြက်ဆူပင်တစ်ပင်မှမရှိဘဲ အခြားအပင်များသာ စိုက်ပျိုးထားတာဖြစ်ပါတယ်။ စည်းကမ်းချက်တစ်စုံတစ်ရာချိုးဖောက်ပါက စာချုပ်ဖျက်သိမ်း၍ မြေသိမ်းယူခြင်းခံရမယ်လို့လည်း ဖော်ပြထားပါတယ်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနရဲ့ ညွှန်ကြားချက်အရ သစ်တောမြေ လုပ်ပိုင်ခွင့်ရယူထားမှုများနှင့်ပတ်သက်ပြီး အမှန်တကယ်စိုက်ပျိုးလုပ်ကိုင်ခြင်းရှိ/မရှိ၊ အမှန်တကယ် စိုက်ပျိုးဧရိယာတွေကို စာချုပ်ပြင်ဆင်ချုပ်ဆိုဖို့ စသည်ဖြင့် သက်ဆိုင်ရာ ညွှန်ကြားချက်အပေါ်မှာ သက်ဆိုင်ရာဌာနတွေက ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့မှာ ကြက်ဆူ စိုက်ကွင်းတွေကို ကွင်းဆင်းစိစစ်တိုင်းတာခဲ့ရာမှာ အခြားအပင်တွေဧက ၁၉၀ ကျော် စိုက်ပျိုး ထားကြောင်း တွေ့ရှိခဲ့ပါတယ်။ ဒီစိစစ်တွေ့ရှိချက်အပေါ် ဝန်ကြီးဌာနက ဘယ်လိုအရေးယူမှုမှ ဆောင်ရွက်ထားတာမရှိပါဘူး။ အခြားသော သစ်တောမြေလုပ်ပိုင်ခွင့်ရယူထားတာတွေကိုလည်း လေ့လာစိစစ်တာတွေမလုပ်ပါဘူး။ သစ်မာစိုက်ခွင့် နှစ် ၃၀ ဂရန်စည်းကမ်းချက်တွေထဲမှာလည်း သတ်မှတ်ကာလအတွင်း ဧရိယာအားလုံး စိုက်ဖို့၊ စိုက်ပျိုးခြင်းမရှိပါက သစ်တောဦးစီးဌာန ပြန်အပ်ဖို့၊ စည်းကမ်းချက်တစ်စုံတစ်ရာ ချိုးဖောက်ပါက စာချုပ်ဖျက်သိမ်းမြေပြန်သိမ်း စသည်ဖြင့် ပါပါတယ်။ သစ်မာစိုက်ပျိုးခွင့်ရရှိသူတွေဟာ သစ်မာစိုက်ချင်လို့ စိုက်ပျိုးခွင့်ရယူထားတာ မဟုတ်ပါ ဘူး။ တစ်ပင်မှလည်းမစိုက်ပါဘူး။ ရှိပြီးသားသစ်ပင်တွေကို ခုတ်ရောင်းခဲ့ကြတာဖြစ်ပါတယ်။

Power Point သုံးစွဲခွင့်ပေးဖို့ မေတ္တာရပ်ခံပါတယ်။ ဒါကတော့ ကနီမြို့နယ်အတွင်း သစ်တောမြေလုပ်ပိုင်ခွင့်ရယူထားတဲ့စာရင်း ဖြစ်ပါတယ်။ ဒါကတော့ သစ်တောမြေလုပ်ပိုင်ခွင့် ဂရန်ပါ စည်းကမ်းချက်တွေဖြစ်ပါတယ်။ နောက်တစ်ခုက ကနီမြို့နယ်၊ အမှတ်(၁)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်က တင်ဝင်းထွန်းကုမ္ပဏီ ကြက်ဆူနှစ် ၃၀ ဂရန်လုပ်ပိုင်ခွင့်နှင့်ပတ်သက်ပြီး ဂရန်ပါစည်းကမ်းချက်များနှင့် မကိုက်ညီလို့ စာချုပ်ဖျက်သိမ်းမြေပြန်သိမ်းဖို့ အဆိုတင်ခဲ့ရာမှာ တိုင်းဒေသကြီးလွှတ်တော်က အတည်ပြုခဲ့ပါတယ်။ ဒါကတော့ အမှတ်(၂)တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ရဲ့ ကြက်ဆူလုပ်ပိုင်ခွင့်ဂရန်ဖျက်သိမ်းပေးရန် အဆိုအတည်ပြုခဲ့မှုကို တိုင်းဒေသကြီး လွှတ်တော်က တိုင်းဒေသကြီးအစိုးရထံ ပေးပို့ခဲ့တဲ့စာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အထက်ပါမေးမြန်းမှု မေးခွန်းများကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**မှုကြမ်း**

## ဖြေကြားချက်

**ဒေါက်တာရဲမြင့်ဆွေ(ဒုတိယဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ မင်္ဂလာပါခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင်၏ မေးခွန်းနဲ့စပ်လျဉ်းပြီးတော့မှ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ကနီမြို့နယ်၊ သစ်တောနယ်မြေများအတွင်း မြေဧရိယာ ဧက ၁၀၀ နှင့်အထက် နှစ် ၃၀ မြေငှားစာချုပ်ဖြင့် လုပ်ကိုင်ဆောင်ရွက်ခွင့်များအား Power Point တွင် ဖော်ပြပါအတိုင်း ဆောင်ရွက်ခွင့်ပြုခဲ့ပါတယ်။ ကနီမြို့နယ်၊ ပင်ထောင်ကြိုးဝိုင်းအတွင်း ခွင့်ပြုခဲ့သော ဦးသန့်ရှင်း၏ ပုဂ္ဂလိကစိုက်ခင်း ၁၀၀ ဧကနှင့် ပေါက်အင်းတောင်ကြိုးဝိုင်းအတွင်း ခွင့်ပြုခဲ့သော ဦးလှမြင့် ပုဂ္ဂလိကစိုက်ခင်း ၄၅၀ ဧကအနက် ခွင့်ပြုမြေ ၃၃၀ ဧကအား စာချုပ်ပါစည်းကမ်းချက်များနှင့် မကိုက်ညီ၍ ကွင်းဆင်းစစ်ဆေးပြီး ၂၈-၃-၂၀၁၄ နှင့် ၃-၄-၂၀၁၅ ရက်စွဲပါစာများဖြင့် အဆိုပါ ပုဂ္ဂလိကလုပ်ငန်းရှင်နှစ်ဦး၏ စာချုပ်များအား ပယ်ဖျက်၍ သစ်တောမြေအား ပြန်လည်သိမ်းဆည်းခဲ့ပြီဖြစ်ပါတယ်။

ထို့အတူ ပေါက်အင်းတောင်ကြိုးဝိုင်းအတွင်း ခွင့်ပြုခဲ့သော တင်ဝင်းထွန်းကုမ္ပဏီ၏ ကြက်ဆူစိုက်ခင်း ၃၂၀၀ ဧကအား စာချုပ်ပါစည်းကမ်းချက်များနှင့် ကိုက်ညီမှုရှိ/မရှိကို ၂၀၁၆ ခုနှစ်မှ စတင်၍ ကနီမြို့နယ်၊ သစ်တောဦးစီးဌာနသို့ ကွင်းဆင်းစစ်ဆေးစေပြီး သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၏ ၆-၉-၂၀၁၆ ရက်စွဲပါစာဖြင့် စာချုပ်အသစ် ပြင်ဆင်ချုပ်ဆိုရန် တင်ဝင်းထွန်းကုမ္ပဏီသို့ အကြောင်းကြားခဲ့သော်လည်း ကုမ္ပဏီမှ နှောင့်နှေးကြန့်ကြာမှုရှိသဖြင့် ထပ်မံကွင်းဆင်းစစ်ဆေးခြင်းများကိုလည်း အကြိမ်ကြိမ်ဆောင်ရွက်တင်ပြခဲ့ရပါတယ်။ ပေါက်အင်းတောင်သစ်တောကြိုးဝိုင်းအတွင်း တင်ဝင်းထွန်းကုမ္ပဏီ၏ နှစ် ၃၀ ဂရန်လုပ်ပိုင်ခွင့်စာချုပ်အား ဖျက်သိမ်းပေးရန် အဆိုအတည်ပြုခဲ့မှုနှင့်စပ်လျဉ်း၍ ၎င်းမြေဧရိယာအား သစ်တောမြေအဖြစ် ပြန်လည်သတ်မှတ်ဆောင်ရွက်နိုင်ရန် ၈-၁-၂၀၁၇ ရက်နေ့တွင် တိုင်းဒေသကြီးအမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌတို့နှင့်အတူ စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာနဝန်ထမ်းများနှင့် ကွင်းဆင်းစစ်ဆေးခဲ့ပြီး စစ်ဆေးတွေ့ရှိချက်တွေကို စစ်ကိုင်းတိုင်းဒေသကြီး၊ သစ်တောဦးစီးဌာနသို့ ၁၆-၁၁-၂၀၁၈ ရက်နေ့က အောက်ဖော်ပါအတိုင်း ဆောင်ရွက်

နိုင်ရန် ညွှန်ကြားခဲ့ပါတယ်။ (က) ကုမ္ပဏီသို့ မူလခွင့်ပြုခဲ့သည့် ကြက်ဆူစိုက်ခင်း ခွင့်ပြုမိန့် စာချုပ်အားဖျက်သိမ်းရန်၊ (ခ) ကုမ္ပဏီမှ ကြက်ဆူစိုက်ခင်းအတွင်း ကြားညှပ်သီးနှံအဖြစ် စိုက်ပျိုးထားသည့် တစ်သျှူးယူကလစ်နှင့် သရက်စိုက်ခင်း ၁၉၆.၂၅ ဧကအား ကုမ္ပဏီမှပြန်လည်လျှောက်ထားစေရန်၊ (ဂ) ကျန်ရှိဧရိယာ ၂၉၀၃.၇၅ ဧကအနက် ၂၇၁၇.၁၇ ဧကအား လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပြန်လည်သိမ်းဆည်းရန်ဟူ၍ ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ သစ်တောဦးစီးဌာန၏ ၂၀-၁၂-၂၀၁၈ ရက်စွဲပါအမိန့်စာဖြင့် ပေါက်အင်းတောင်ကြိုးဝိုင်းအတွင်း တင်ဝင်းထွန်းကုမ္ပဏီနှင့် ချုပ်ဆိုထားသည့် ကြက်ဆူစိုက်ခင်း ၃၂၀၀ ဧကအား ၂၀-၁၂-၂၀၁၈ ရက်နေ့မှစ၍ စာချုပ်ခွင့်ပြုချက်အား ဖျက်သိမ်းခဲ့ပြီဖြစ်ပါတယ်။ တင်ဝင်းထွန်းကုမ္ပဏီ၏ ကြက်ဆူစိုက်ခင်းအတွင်း ကြားညှပ်သီးနှံ၊ တစ်သျှူးယူကလစ်နှင့် စိန်တလုံးစိုက်ခင်း စုစုပေါင်း ၁၉၆.၂၅ ဧကအား စာချုပ်ပြင်ဆင်ချုပ်ဆိုရန် အကြောင်းကြားခဲ့သော်လည်း ယခုအချိန်ထိ လာရောက်လျှောက်ထားခြင်းမရှိသေးပါကြောင်းနှင့် ကုမ္ပဏီသို့ ခွင့်ပြုထားသော ကြက်ဆူစိုက်ခင်း မြေဧရိယာ ၃၂၀၀ ဧကနဲ့ စိုက်ပျိုးနိုင်ခြင်းမရှိသည့် မြေ ၂၇၁၇.၁၇ ဧကအား စစ်ကိုင်းတိုင်းဒေသကြီး၊ သစ်တောဦးစီးဌာန၏ ၂၇-၂-၂၀၁၉ ရက်စွဲပါရုံးအမိန့်စာဖြင့် မြေပြန်လည်သိမ်းဆည်းပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းတဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး ပင်ထောင်ကြိုးဝိုင်းအတွင်း ခွင့်ပြုခဲ့သော ဦးသန့်ရှင်း၏ ပုဂ္ဂလိကစိုက်ခင်းဧက ၁၀၀၊ ပေါက်အင်းတောင်ကြိုးဝိုင်းအတွင်း ခွင့်ပြုခဲ့သော ဦးလှမြင့်၏ ပုဂ္ဂလိကစိုက်ခင်းဧက ၄၅၀ အနက် ၃၃၀ ဧကတို့အား စာချုပ်ပါစည်းကမ်းချက်များနှင့်မညီ၍ စာချုပ်ဖျက်သိမ်းကာ မြေအားပြန်လည်သိမ်းဆည်းခဲ့ပြီးဖြစ်ပါကြောင်းနှင့် ပေါက်အင်းတောင်ကြိုးဝိုင်းအတွင်း တင်ဝင်းထွန်းကုမ္ပဏီနှင့် ဝန်ကြီးဌာနတို့ချုပ်ဆိုထားသည့် ကြက်ဆူစိုက်ခင်း ၃၂၀၀ ဧကကို ၂၀-၁၂-၂၀၁၈ ရက်နေ့မှစ၍ စာချုပ်ခွင့်ပြုချက်အား ဖျက်သိမ်းခဲ့ပြီး စိုက်ပျိုးနိုင်ခြင်းမရှိသည့် မြေ ၂၇၁၇.၁၇ ဧကအား ပြန်လည်သိမ်းဆည်းပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

**ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်က မြို့ပြများတွင် တရားဥပဒေစိုးမိုးပြီး ပြည်သူလူထု၏ လူနေမှုဘဝလုံခြုံမှုရှိစေရန် ရာဇဝတ်မှုများ ဖြစ်ပေါ်နေမှုကို ကာကွယ်တားဆီးနိုင်ရန် အတွက်ဦးစားပေးအဆင့်ဖြင့် ဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း၊**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေက အဆိုတစ်ရပ် တင်သွင်းထားပါတယ်။ ဦးတင်ထွေးအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးတင်ထွေး(ဝေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ အပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဒီကနေ့ ပြည်သူ့လွှတ်တော်ကြီးကို တင်သွင်းမည့်အဆိုကတော့ မြို့ပြတွေမှာ တရားဥပဒေစိုးမိုးပြီးတော့ ပြည်သူလူထုရဲ့ လူနေမှုဘဝလုံခြုံမှုရှိစေဖို့ ဖြစ်ပေါ်နေတဲ့ ရာဇဝတ်မှုတွေကို ကာကွယ် တားဆီးနိုင်ရန်အတွက် ဦးစားပေးအစီအစဉ်တစ်ရပ်အနေဖြင့် ဆောင်ရွက်ပေးနိုင်ဖို့ နိုင်ငံတော်အစိုးရကို တိုက်တွန်းတဲ့အဆိုပဲ ဖြစ်ပါတယ်။

ဒီကနေ့ကာလဟာ ကျွန်တော်တို့နိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းတဲ့ကာလကြီးပဲ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ အသွင်ကူးပြောင်းရေးခရီးစဉ်ကြီးကို ပြည်သူနှင့်အတူပူးပေါင်းပြီးတော့ ညင်ညင်သာသာနှင့် လျှောက်လှမ်းနေခြင်းပဲ ဖြစ်ပါတယ်။ ဒီလိုအခြေအနေမျိုးမှာ ပြည်သူလူထုအတွင်း တရားဥပဒေစိုးမိုးရေးနှင့် လူနေမှုဘဝလုံခြုံမှုရရှိရေးဟာ အဓိကကျတဲ့ အကြောင်းအရာတစ်ရပ်ပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဒီကနေ့လူဦးရေဟာ နေ့ချင်းညချင်းဆိုသလို တိုးတက်လာတယ်။ အဲဒီလိုတိုးတက်လာသလို ကျေးလက်တွေမှာနေကြတဲ့ ပြည်သူလူထုတွေကလည်း မိမိတို့ရဲ့စားဝတ်နေရေးနဲ့ အလုပ်အကိုင်၊ အခွင့်အလမ်းရှိရာ မြို့ပြတွေကို ပြောင်းရွှေ့ပြီးတော့ မျိုးစုံတွေမှာနေရတဲ့အတွက် အဲဒီ မြို့တွေမှာ လူဦးရေဟာထူထပ်လာတာကို တွေ့ရတာပဲ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံ့တာဝန်ကို ကျွန်တော်တို့ စတင်ထမ်းဆောင်စဉ်ကစပြီးတော့ နိုင်ငံရဲ့လုံခြုံရေးကို ထိပါးစေတဲ့အဖြစ်အပျက်တွေ၊ ပြည်သူလူထုရဲ့ လူနေမှုဘဝကို ယိုယွင်းစေတဲ့ တရားဥပဒေစိုးမိုးရေးကို စိန်ခေါ်မှုတွေ ပေါ်ပေါက်လာတာကို တွေ့ရပါတယ်။ ဒီလိုအခြေအနေကို

အခွင့်ကောင်းယူပြီးတော့ ရာဇဝတ်မှုများဟာ မြို့ကြီးပြကြီးတွေမှာသာမက နိုင်ငံ့အဝန်းဒေသ အတော်များများမှာ ကျွန်တော်တို့နေ့စဉ်လိုလိုဖြစ်နေတာကို တွေ့ရပါတယ်။ ဒီဒုစရိုက်မှုတွေ ကတော့ ကျွန်တော်တို့ လူရိုက်မှု၊ မုဒိမ်းမှု၊ လုယက်မှု၊ ခိုးမှု၊ နေ့ခင်းကြောင်တောင် မြို့စွန်မြို့ဖျားတွေမှာနေတဲ့ အခါမှာ အိမ်ကိုဝင်ရောက်ဖောက်ထွင်းပြီးတော့ ရှိနေတဲ့လူတွေကို ရိုက်နှက်ပြီးတော့ မိန်းကလေး ဆိုလို့ရှိရင် အဓမ္မပြုကျင့်မှုတွေဖြစ်နေတာကို သွားတွေ့ရပါတယ်။ ဒါကြောင့်လည်း ပြည်သူလူထု အနေနဲ့ နေထိုင်သွားလာရတဲ့ဘဝဟာ လုံခြုံစိတ်ချမှုမရှိတဲ့ အခြေအနေမျိုးကို ပေါ်ပေါက်နေပါတယ်။ ဒီဖြစ်ရပ်တွေပေါ်မှာ ပြည်သူလူထုအနေနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို လက်ညှိုးထိုးပြီးတော့ အပြစ်ပြော နေကြတာကို တွေ့ရပါတယ်။ ရာဇဝတ်မှုများဟာ နေ့ချင်းညချင်းဖြစ်ပြီး၊ နေ့ချင်းညချင်း ပျောက်သွား တာမဟုတ်ဘဲ အချိန်ကာလကြာလာသည်နှင့်အမျှ တိုးတိုးပြီးတော့ ကျွန်တော်တို့ဖြစ်ပေါ်လာတာကို တွေ့ရပါတယ်။ ဒီဟာတွေနှင့်ပတ်သက်လို့လည်းပဲ အစိုးရက ထိန်းချုပ်နိုင်မှုအားနည်းလို့ ရာဇဝတ်မှု တွေဖြစ်လာတယ်ဆိုပြီးတော့ အစိုးရကိုပါတစ်ဆင့်တိုးတက်ပြီးတော့ အပြစ်ပြောလာတာကို တွေ့ရတာ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံရဲ့အတိတ်ကာလကို ကျွန်တော်တို့ပြန်ကြည့်မယ် ဆိုရင် မြို့ပြနှင့်ကျေးလက်မှာနေတဲ့ ပြည်သူလူထုရဲ့ လူနေမှုဘဝကိစ္စအဝဝဟာ ရဲတပ်ဖွဲ့ဝင်များက သာအနီးကပ်ဆောင်ရွက်နေကြတာဖြစ်ပါတယ်။ ပြည်သူလူထုရဲ့ အသိမှာလည်းပဲ ဒီကိစ္စတွေဟာ ရဲတပ်ဖွဲ့ဝင်တွေက တာဝန်မကျေမှု၊ တာဝန်ယူမှုအားနည်းခြင်းကြောင့်ဖြစ်တယ်လို့ ပြောဆိုကြပါ တယ်။ ဒီနေ့ကျွန်တော်တို့ နိုင်ငံဟာပါတီစုံစနစ်နဲ့ ဒီမိုကရေစီနိုင်ငံကို သွားနေတဲ့အချိန်ဖြစ်ပါတယ်။ သို့သော်လည်းပဲ တချို့နိုင်ငံရေးအင်းအားစုတွေဟာ တာဝန်ယူရတဲ့အုပ်ချုပ်တဲ့အစိုးရကို ကောင်းတဲ့ အကြံဉာဏ်မပေးဘဲနဲ့ အပြစ်သာပြောဆိုနေကြတဲ့အတွက် တရားဥပဒေစိုးမိုးပြီး ပြည်သူလူထု တစ်ရပ်လုံးရဲ့ဘဝလုံခြုံမှုဟာ အချိန်တိုအတွင်းမှာ ကောင်းတဲ့ဘက်ကို ရောက်ရမယ့်အစား မကောင်း တဲ့ဘက်ကို ရောက်ရောက်သွားတာကို တွေ့နေရတာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ပြည်သူလူထုရဲ့ဘဝလုံခြုံမှုကို အနီးကပ်ကာကွယ်ပေးရမယ့် လက်နက်ကိုင်အဖွဲ့ အစည်းဖြစ်သော် လည်းပဲ တပ်ဖွဲ့ဝင်အင်အားကို ကြည့်မယ်ဆိုလို့ရှိရင် ရာဇဝတ်မှုများကို တာဝန်ယူဆောင်ရွက်နေရမှု၊ တရားခံတွေကို တရားရုံးကိုထုတ်တဲ့အခါမှာ တရားခံရဲ့အရေအတွက်နှင့် အင်အားပြည့် ကျွန်တော်တို့ လုံခြုံမှုရအောင် လိုက်ပါဆောင်ရွက်ရမှု၊ လမ်း၊ တံတား လုံခြုံမှု၊ ဖြစ်ပေါ်လာတဲ့အမှုများကို ကျွန်တော်တို့ တာဝန်ယူဆောင်ရွက်နေရမှု အဲဒီလို ပြည်သူ့ဘဝလုံခြုံမှုကို ဆောင်ရွက်နေရတဲ့ အဲဒီလို

ကိစ္စတွေဆောင်ရွက်နေရတဲ့အတွက် ပြည်သူဘဝလုံခြုံမှုကို အချိန်နှင့်တစ်ပြေးညီ မဆောင်ရွက်နိုင်တာကို သွားတွေ့ရပါတယ်။ အဲဒီလိုတွေ့ရတဲ့အပြင် ကျွန်တော်တို့ပြည်သူ့ရဲတပ်ဖွဲ့ကို ကြည့်မယ်ဆိုရင် ခုနက ကျွန်တော်အပေါ်က တင်ပြခဲ့တဲ့ အခြေအနေအလျောက် ရဲတပ်ဖွဲ့ဝင်တွေဟာ ကျွန်တော်တို့ လူသတ်မှုဖြစ်ရင် အလောင်းကောက်ရတဲ့ အဆင့်၊ ဖောက်ထွင်းမှုဖြစ်လို့ရှိရင် ပစ္စည်းစာရင်းသွားယူရတဲ့အဆင့်၊ ပြစ်မှုကျူးလွန်ပြီးမှ တရားခံကို လိုက်ဖမ်းရတဲ့အဆင့် အဲဒီလိုအလုပ်တွေကိုပဲ လုပ်နေရတာတွေ့ရပါတယ်။ ကြိုတင်ကာကွယ်နိုင်တဲ့ အဆင့်ကသူတို့မှာမရှိပါဘူး။ အဲဒီတော့ ဒီလိုအဆင့်ဖြစ်နေပေမဲ့လို့ တစ်ဖက်က ကြည့်မယ်ဆိုလို့ရှိရင်လည်းပဲ မြန်မာနိုင်ငံမှာ ရဲတပ်ဖွဲ့၊ ရဲတပ်ရင်း ၃၈ ရင်းလောက်ရှိတယ်လို့ ကျွန်တော်သိရပါတယ်။ အဲဒီရဲတပ်ရင်းတစ်ခုကို ၅၀၀ နဲ့ ၃၈ ရင်းဆိုလို့ရှိရင် ၂၀၀၀၀ ပတ်ဝန်းကျင်လောက်ရှိပါတယ်။ သို့သော်လည်းပဲ အဲဒီရဲတပ်ရင်းမှာ တာဝန်ရှိတဲ့လူတွေဟာ အရေးပေါ် အရေးကြီးကိစ္စတစ်ခုမှလွဲပြီးရင် ကျန်တဲ့မြို့ရွာလုံခြုံရေးနဲ့ ပတ်သက်လာလို့ရှိရင် အင်အားနည်းနေတဲ့ရဲစခန်းတွေကို မဖြည့်ပေးနိုင်တဲ့အခါကျတော့ ရဲတပ်ဖွဲ့ဝင်တွေ အင်အားနည်းပြီးတော့ အခုလို ကျွန်တော်တို့ ပြည်သူ့ဘဝလုံခြုံရေးကို များစွာထိခိုက်လာတာကို သွားတွေ့ရတာဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ အုပ်ချုပ်ရေးပိုင်းများအနေနဲ့လည်းပဲ တရားဥပဒေစိုးမိုးရေးအတွက် ရာဇဝတ်မှုတွေ အခုလိုပေါ်ပေါက်နေတဲ့အပေါ်မှာ စီမံချက်တွေချပြီးတော့ ဘယ်လိုထိန်းချုပ်သင့်တယ်ဆိုတာကို တာဝန်ယူမှုမရှိဘဲနဲ့ သူတို့နဲ့မဆိုင်သလို မသိကျိုးကျွံပြုနေတာကိုလည်း ကျွန်တော်တို့ ရှေ့မှာတွေ့နေရတာဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်စဉ်ကြီးမှာ အစိုးရနှင့်ပြည်သူဟာ လက်တွဲညီညီနဲ့ ပူးပေါင်းပြီးတော့ လျှောက်လှမ်းဖို့ဟာ အဓိကအားဖြင့် တရားဥပဒေစိုးမိုးရေးကို ထိန်းချုပ်နိုင်ဖို့ပဲ ဖြစ်ပါတယ်။ ဒါမှသာ ပြည်သူလူထုအတွင်းမှာ တရားဥပဒေစိုးမိုးပြီးတော့ အေးချမ်းမှုရှိမှသာလျှင် နိုင်ငံပြန်လည်ထူထောင်ရေးလုပ်ငန်းများမှာ အချိန်နှင့်တစ်ပြေးညီတိုးတက်လာမှာဖြစ်ပါတယ်။ ဒါကြောင့်လည်းပဲ မြို့ပြလုံခြုံရေးကိစ္စကို ထိရောက်မြန်ဆန်စွာ အရေးယူဆောင်ရွက်ဖို့လိုပါတယ်ဆိုတာ ကျွန်တော် ဒီအဆိုကို တင်သွင်းခြင်းပဲဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈) ပုဒ်မ ၃၈၆ မှာလည်း နိုင်ငံသားတိုင်းဟာ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရေးနှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန်တာဝန်ရှိသည်လို့ ပြဋ္ဌာန်းချက်ရှိပါတယ်။ ဒါဟာလည်းပဲ နိုင်ငံတော်ကာကွယ်ရေးနှင့် ပြည်သူလူထု၏လူနေမှုဘဝလုံခြုံရေး ဆောင်ရွက်နိုင်မှုအတွက် စဉ်းစားရမယ့်အချက်တစ်ခုလည်း ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါ့ကြောင့် လူနေထူထပ်တဲ့ မြို့ပြတွေမှာ နေထိုင်ကြတဲ့ ပြည်သူလူထုအတွင်း ရာဇဝတ်မှုပပျောက်ရာမှာ လက်ရှိမြို့/ရွာလုံခြုံရေးကို တာဝန်ယူနေကြတဲ့ ရဲတပ်ဖွဲ့အင်အားကို တိုးချဲ့ဖွဲ့စည်းနိုင်သလို ရဲတပ်ရင်းမှာရှိတဲ့ တော်တော်များများကိုလည်းပဲ ဒီလို သက်ဆိုင်ရာရဲစခန်းတွေကို မျှဝေပေးမယ်ဆိုရင်လည်း မျှဝေပေးနိုင်တဲ့အဆင့်ရှိပါတယ်။ ထို့အတူပဲ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ လိုနေတဲ့အချက်ကိုကြည့်ပြီးတော့ စီမံဆောင်ရွက်နိုင်တဲ့အဆင့် အနေနဲ့ရှိပါတယ်။ အဲဒီလို ဆောင်ရွက်မယ်ဆိုလို့ရှိရင်တော့ ဒီကနေ့သွားနေတဲ့ ဒီမိုကရေစီအသွင် ကူးပြောင်းရေးကာလကြီးဟာ အနေးနဲ့အမြန် လိုချင်တဲ့ဆီကို ပြည်သူတွေခံစားရမှာဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ မြို့ပြများမှာ တရားဥပဒေစိုးမိုးပြီးတော့ လူနေမှုဘဝလုံခြုံမှုရှိစေရန် ရာဇဝတ်မှုများ ဖြစ်ပေါ်နေမှုကို ကာကွယ်တားဆီးနိုင်ရေးအတွက် ဦးစားပေးအဆင့်ဖြင့် စီစဉ်ဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်အစိုးရကို လေးစားစွာဖြင့် တိုက်တွန်းပါကြောင်းနှင့် ဤလွှတ်တော်ကြီးမှ အကြံပြုဆွေးနွေး နိုင်ပါရန် လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်။ အားလုံးကို လေးစားပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးတင်ထွေး တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးစိန်ဟန်(ကံမမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဧည့်သည်တော်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ကံမမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဟန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ ဝေါ မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေး တင်သွင်းတဲ့ မြို့ပြများတွင် တရားဥပဒေ စိုးမိုးပြီး ပြည်သူလူထု၏ လူနေမှုဘဝ လုံခြုံမှုရှိစေရန် ရာဇဝတ်မှုများဖြစ်ပေါ်နေမှု ကာကွယ်တားဆီး နိုင်ရန်အတွက် ဦးစားပေးအဆင့်ဖြင့် ဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်အစိုးရကို တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်က ဒီမိုကရေစီဖြစ်ထွန်းစ ကျွန်တော်တို့နိုင်ငံမှာ တရားဥပဒေ စိုးမိုးမှုအလွန်အားနည်းနေကြောင်းကို ဒီအားနည်းနေမှုကို ဘယ်လိုကုစားသင့်ကြောင်း တင်ပြဆွေးနွေး သွားပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ဒီမိုကရေစီဟာ လမ်းသွားကာစ ကလေးအဆင့်ပဲရှိပါသေးတယ်။ အင်မတန်မှ နုနယ်သေးပါတယ်။ ဒီမိုကရေစီးထွန်းကားပြီး ပြည်သူလူထုဘဝ သာယာဝပြောဖို့ဆိုတာ

တရားဥပဒေစိုးမိုးရေးက အဓိကလိုအပ်ချက်ဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးမှုရှိမှ လူမှုရေး၊ စီးပွားရေး တိုးတက်ဖွံ့ဖြိုးပြီး သာယာဝပြောစွာ နေထိုင်စားသောက်နိုင်မှာဖြစ်ပါတယ်။ ဒီလို တရားဥပဒေစိုးမိုးမှု ဆိုတာ အုပ်ချုပ်သူလူတန်းစားတစ်ရပ်အနေနဲ့ စွမ်းဆောင်လို့မပြီးပါဘူး။ ပြည်သူလူထုတစ်ရပ်လုံး တာဝန်သိစိတ်အပြည့်နဲ့ပါဝင်ပြီး အုပ်ချုပ်သူများနှင့် ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မှာဖြစ်ပါ တယ်။ အုပ်ချုပ်သူများဟာလည်း တာဝန်ခံမှု၊ တာဝန်ယူမှု အပြည့်ရှိမှ တရားဥပဒေစိုးမိုးရေးဆိုတာ အောင်မြင်မှာ ဖြစ်ပါတယ်။ အဆိုရှင်တင်ပြထားသလို ကျွန်တော်တို့နိုင်ငံဟာ တရားဥပဒေစိုးမိုးရေး အများကြီးလိုအပ်နေပါသေးတယ်။ နိုင်ငံရဲ့ လူဦးရေထူထပ်နေတဲ့ မြို့ပြဒေသတွေမှာ ရာဇဝတ်မှုမျိုးစုံ ဖြစ်ပွားနေရုံသာမက ကျေးလက်ဒေသတွေမှာလည်း လုယက်မှုတွေ၊ မုဒိန်းမှုတွေ၊ ဆိုင်ကယ်လုယက်မှု တွေ၊ ပိုက်ဆံအိတ်လုယက်မှုတွေစသဖြင့် နေရာတိုင်းမှာဖြစ်ပေါ်နေတာကို နေ့စဉ်နှင့်အမျှ ကြားနေရ ပါတယ်။ ဒီနေရာမှာ အနည်းငယ်တင်ပြလိုတာက ပြည်-ကံမလမ်းခွဲမှာ ပြီးခဲ့တဲ့သုံးလလောက်က လုယက်မှုတစ်ခု ဖြစ်ခဲ့ပါတယ်။ ဒီလုယက်မှုဟာ အင်မတန်မှ အန္တရာယ်ကြီးပါတယ်။ ဆိုင်ကယ် စီးလာတဲ့အမျိုးသမီးတစ်ယောက်ကို လေထိုးတန်ဖြင့်ပြုလုပ်ထားတဲ့ လုပ်သေနတ်ဖြင့် ပစ်ခတ်ပြီးတော့ လုယက်ဖို့လုပ်ပါတယ်။ ဒီသေနတ်ကလည်း အလွယ်တကူလုပ်လို့ရတယ်လို့ ပြောသံကြားပါတယ်။ လေထိုးတန်ဖြင့်ပြုလုပ်ပြီးတော့ ဆိုင်ကယ်ဘောစေ့များဖြင့် ထည့်ပြီးတော့ ပစ်ခတ်တဲ့သေနတ်လို့ ပြောပါတယ်။

အဲဒီသေနတ်နှင့်ပစ်ခတ်လို့ ဆိုင်ကယ်ကိုမောင်းတဲ့အမျိုးသမီးရဲ့ရင်ဘတ်ကို ထိပြီးတော့ ကလေးငယ်ကလည်း သေနတ်နှင့်ပစ်တယ်ဆိုတော့ ဆိုင်ကယ်ကိုမရပ်ဘဲ အတင်းစီးသွားတယ်။ တစ်မိုင်လောက်အကွာမှာ ဆိုင်ကယ်လဲကျသွားတယ်။ အဲဒီအချိန်မှာ တောထဲမှပြန်လာတဲ့ လှည်းသမား တွေတွေ့တဲ့အတွက်ကြောင့် လှည်းသမားရဲ့ကူညီမှုဖြစ်တဲ့အတွက်ကြောင့် သေနတ်နှင့်ပစ်တဲ့လူလည်း ထွက်ပြေးသွားပါတယ်။ ဒါကြောင့်လည်း ပါသွားတဲ့ပစ္စည်းတွေ သူတို့မှာဆုံးရှုံးမှု မရှိခဲ့ဘူး။ သို့သော် အဲဒီလှည်းသမားတွေကပဲ ပြည်မြို့ လူမှုကူညီရေးအသင်းကို အကူအညီတောင်းပြီးတော့ ဆေးရုံကို ကုသခြင်းအားဖြင့် အသက်အန္တရာယ်မှ လွတ်မြောက်ခဲ့ပါတယ်။ သို့သော် သေနတ်ပစ်တဲ့ လူတွေကို ကံမ-ပန်းတောင်းနယ်မှာရှိတဲ့ ရဲ့တပ်ဖွဲ့များပူးပေါင်းဆောင်ရွက်ပြီး ပိုက်စိပ်တိုက်ရှာတဲ့အတွက်ကြောင့် ဖိုးဥတောင်ဘုရားဘုန်းကြီးကျောင်းမှာရှိတဲ့ ကားဂိုဒေါင်ထဲမှာ ဖွက်ထားတဲ့သေနတ်ကို ရှာဖွေတွေ့ရှိပြီး တော့ အဲဒီလူများကိုလည်း ဖမ်းဆီးနိုင်ခဲ့ပါတယ်။

ဒီလို လက်လုပ်လို့ရတဲ့သေနတ်တွေကိုလည်း တာဝန်ရှိသူများက အမြန်ဆုံးဖော်ထုတ်အရေးယူဖို့ တိုက်တွန်းအပ်ပါတယ်။ ဒါဟာ ဘာကိုဖော်ပြနေလဲဆိုတော့ ရာဇဝတ်မှုတွေဟာ ကျေးလက်ရောမြို့ပါဟာ နေ့စဉ်နှင့်အမျှ ဖြစ်ပွားနေတာ တရားဥပဒေစိုးမိုးအားနည်းမှုကို ညွှန်ပြတာဖြစ်ပါတယ်။ ဒီလိုရာဇဝတ်မှုတွေဟာ အခုမှဖြစ်လာတာမဟုတ်ပါဘူး။ အရင်တုန်းကတည်းကဖြစ်ခဲ့တာ ဟိုးအရင်အခါတုန်းကတော့ ဆိုရှယ်မီဒီယာအားနည်းတာရယ်၊ ပွင့်လင်းမြင်သာမှုမရှိတဲ့ အတွက်ကြောင့် အချိန်နှင့်တစ်ပြေးညီ မသိခဲ့ဘူး။ အခုအချိန်အခါမှာ ဆိုရှယ်မီဒီယာအားကောင်းတဲ့အတွက်ကြောင့် အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်တဲ့အတွက်ကြောင့် ဒီလက်ရှိအစိုးရကို ရာဇဝတ်မှု ထူပြောလာတယ်လို့ ပြောနေတာကိုလည်း သိပ်ပြီးတော့ ဟိုတင်းမဖြစ်ပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုရာဇဝတ်မှုတွေ ထူပြောလာတာ စားဝတ်နေရေးကြပ်တည်းမှုတစ်ခုတည်းတင်မဟုတ်ပါဘူး။ မူးယစ်ဆေးဝါးပေါ်များလာခြင်းကြောင့်လည်း ဖြစ်ပါတယ်။ အရင်တုန်းက မူးယစ်ဆေးဝါးဆိုတာ နယ်စပ်ဒေသမြို့တွေမှာသာ ရရှိခဲ့သော်လည်း ယခုအခါ မြို့ကြီးတွေမှာ ကွမ်းယာဆိုင်တွေမှာ၊ ကျေးရွာ၊ တောရွာတွေမှအစ အလွယ်တကူဝယ်ယူရရှိနိုင်ပါတယ်။ အလွယ်တကူဝယ်ယူရရှိလို့လည်း တိုးပွားလာတယ်။ လူငယ်တွေ၊ လူရွယ်တွေ မူးယစ်ဆေးဝါးများစွာသုံးတဲ့အတွက်ကြောင့် မို့လို့ မူးယစ်ဆေးဝါးသုံးစွဲဖို့ လိုအပ်နေတဲ့ငွေကြေးတွေအတွက်ကြောင့် ဖုန်းလုတာတွေ၊ ပိုက်ဆံအိတ်လုတာတွေ၊ ဆိုင်ကယ်လုတာတွေစသဖြင့် ဒါမျိုးတွေ အများဆုံးဖြစ်ပါတယ်။ ဒါကြောင့် မူးယစ်ဆေးဝါးများကို အတော်များများဖမ်းဆီးရမိတယ်လို့ သတင်းတွေအများကြီးတွေ့ခဲ့သော်လည်းပဲ ကိုင်းဖျားကိုင်းနားကိုသာမိပြီး ပင်မကို မဖျက်ဆီးနိုင်သရွေ့ ဒီလိုမူးယစ်ဆေးဝါးတွေ ပေါ်များနေပြီး ဒီလိုရာဇဝတ်မှုတွေ ထူပြောနေအုံးမှာ ဖြစ်ပါတယ်။

ဒီနေရာမှာ အကြံပြုလိုတာက မူးယစ်ဆေးဝါးနှင့်ပတ်သက်လာရင် ကိုင်းဖျားကိုင်းနားတင်မဟုတ်ဘဲနဲ့ ပင်မကိုပါ ရှာဖွေဖမ်းဆီးပြီးတော့ တားဆီးနိုင်ဖို့ သက်ဆိုင်ရာတာဝန်ရှိသူများကို တာဝန်ခံမှု၊ တာဝန်ယူမှုအပြည့်နှင့်အမြန်ဆုံးဖော်ထုတ်အရေးယူဖို့လည်း တိုက်တွန်းအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဟာ ပြည်သူလူထုဘဝရဲ့ အနီးကပ်အကာအကွယ်ပေးတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ ရဲတပ်ဖွဲ့ကို ပြန်လည်သုံးသပ်ကြည့်ရင်လည်း အင်အားနည်းတာတွေ့ရတယ်။ ရဲတပ်ဖွဲ့အင်အားကိုလည်း အမြန်ဆုံး အပြည့်အဝဖြည့်ဆည်းပေးဖို့ လိုအပ်ပါတယ်။ ရဲတပ်ဖွဲ့များကိုလည်း စနစ်တကျသင်တန်းများပို့ချပေးပြီး ပြည်သူလူထုဘဝ လုံခြုံရေးအပြည့်အဝပေးဖို့ စိတ်စေတနာအပြည့် အဂတိကင်းကင်းနှင့် ဆောင်ရွက်ချင်စိတ်ပေါ်အောင် သင်တန်းများကို ပို့ချပေးဖို့လိုသလို ပြည်သူလူထု

ဟာလည်းပဲ ငါနဲ့မဆိုင်ဘူး။ ငါများသတင်းပေးခဲ့ရင် အန္တရာယ်များပြုနေမလားဆိုတဲ့ အကြောက်တရားတွေကင်းကင်းနဲ့ ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်အောင် ပညာပေးဟောပြောပွဲများကိုလည်း ပြုလုပ်ပေးသင့်ပါတယ်။

ရဲတပ်ဖွဲ့များအနေဖြင့် အရင်တုန်းကလို နယ်ထိန်းအဖွဲ့များ၊ ကျေးလက်တောရွာတွေ ညအိပ်ညနေသွားရောက် လှေ့လာစုံစမ်းဖို့၊ မြို့တွေမှာလည်း ပတ်တရောင်ရဲများလှည့်ပေးပြီးတော့ တဖြည်းဖြည်းပြုလုပ်ပေးပါက ရာဇဝတ်မှုများ တဖြည်းဖြည်းပပျောက်သွားနိုင်ပါတယ်။ မြို့ပြလုံခြုံရေးကိစ္စကိုလည်း အထူးအရေးပေးဆောင်ရွက်သင့်ပါကြောင်းနှင့် ဒါကြောင့် ပဲခူးတိုင်းဒေသကြီး ဝေါမဲဆန္ဒနယ် ဦးတင်ထွေးရဲ့အဆိုဖြစ်တဲ့ မြို့ပြများတွင် တရားဥပဒေစိုးမိုးပြီး ပြည်သူလူထုလူနေမှုဘဝလုံခြုံစေရန် ရာဇဝတ်မှုဖြစ်ပေါ်နေမှုကို ကာကွယ်တားဆီးနိုင်ရန်အတွက် ဦးစားပေးအဆင့်ဖြင့် ဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်အစိုးရကို တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကြီးမှ လက်ခံဆွေးနွေးပေးပါရန် တိုက်တွန်းရင်းနိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဦးတင်ထွေး တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်က တင်သွင်းသော မြို့ပြများတွင် တရားဥပဒေစိုးမိုးပြီး ပြည်သူလူထု၏ လူနေမှုဘဝလုံခြုံမှုရှိစေရန် ရာဇဝတ်မှုများဖြစ်ပေါ်နေမှုကို ကာကွယ်တားဆီးနိုင်ရန်အတွက် ဦးစားပေးအဆင့်ဖြင့် ဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။

## ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၅-၃-၂၀၁၉ ရက်(အင်္ဂါနေ့)ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပေးပို့လာသော ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ပေးပို့လာသော ရာဇသတ်ကြီးကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့(၂၀-၂-၂၀၁၉ ရက်နေ့)တွင် လွှတ်တော်သို့လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီရဲ့အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၂-၂-၂၀၁၉ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းပေးသွင်းရန် တောင်းခံခဲ့ရာ ကိုယ်စားလှယ်နှစ်ဦးက အမည်စာရင်းတင်သွင်းလာပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၊ နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၊ ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တို့က ပြန်လည်စိစစ်ကြပြီး ဥပဒေကြမ်းကော်မတီရဲ့အစီရင်ခံစာတင်ပြချက်အတိုင်း သဘောတူကြောင်း တင်ပြလာပါတယ်။ ဒါကြောင့် ရာဇသတ်ကြီးကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့်အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြင်ဆင်ချက်ဖြင့် သဘောတူကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို ၂၀၁၉ ခုနှစ်၊ မတ်လ ၆ ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၁၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို ၁၁း၁၅ နာရီအချိန်တွင် ရပ်နားပါသည်။]

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့ (၄.၃.၂၀၁၉) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




Major Genl Aung Thu | U Tun Wai




Major Genl Aung Thu | U Lwin Ko Latt




Major Genl Aung Thu | Daw Ni Ni May Myint




Dr Ye Myint Swe | U Bo Gyi




Dr Ye Myint Swe | U Thant Zin Tun




Dr Ye Myint Swe | U Tun Tun Naing

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်